## ကျိုင်းတုံပေါ်နန်း အဖျက်သမားကျော်ဝင်း တာ့ဆန်းဒေသသို့ သွားရောက်

၁၀ အေပရယ် ၂၀၀၆

သျှမ်းပြည်၏ စစ်တိုင်းကြီးသုံးတိုင်းဖြစ်သော အရှေ့မြောက်ပိုင်းတိုင်း၊ အရှေ့ပိုင်းတိုင်းနှင့်တြိဂံတိုင်းများကို ညွှန်ကြားအုပ်ချုပ်ရသူ "တိုင်းချုပ်" ဒုဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ထိုင်းနိုင်ငံ၏အမ်ဒီအိုက်စ်ကုမ္ပဏီအုပ်စုက ရန်ကုန်အစိုးရနှင့် ဒေါ်လာ ၆ ဘီလျံတန်ဖိုးရှိ သဘောတူလက်မှတ်ရေးထိုးလိုက်သော အေပရယ် ၄ ရက်နေ့အပြီး နောက်တနေ့တွင် ထိုင်းနိုင်ငံချင်းမိုင်နယ်စပ်မှ မိုင် ၉၀ ခန့်ကွာဝေးသော တာဆန်းဒေသသို့ ဟယ်လီကော်ပတာဖြင့် ရောက်ရှိသွားခဲ့သည်။ စစ်အစိုးရပိုင်မီဒီယာ မြန်မာ့အလင်းသတင်းအရ ထိုစီမံကိန်းသည် ၁၅ နှစ်အတွင်း အပြီးသတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်းဆို၏။

ထိုမှတဆင့် ဒုဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်စပ်မှ ၂၉ မိုင် ကွာဝေးသော နားကောင်းမူးရွာသို့ ဆက်လက်သွားရောက်ကာ လုံခြုံရေးအရာရှိများနှင့်တွေ့ဆုံခဲ့သည်။ "စက်ယန္တရားတွေနဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ အားလုံးထိုင်းနိုင်ငံကနေ နားကောင်းမူးဘက်ကတဆင့် ဝင်လာကြလိမ့်မယ်"ဟု ထိုင်းနယ်စပ်လေ့လာစောင့်ကြည့်သူတစ်ဦးက ဆိုသည်။ သို့သော် အသေးစိတ်အကြောင်းအရာများကိုမူမသိရသေးဟု ဆက်လက်ပြောပြသည်။

၁၉၉၁–၉၃ ခုနှစ်အတွင်း သျှမ်းပြည်အရှေ့ပိုင်းဒေသရှိ နအဖစစ်တပ်ကို ကွပ်ကဲခဲ့သူ ဗိုလ်ချုပ်ကျော်ဝင်းသည် ၁၉၉၁ ခုနှစ်တွင် သျှမ်းပြည်၏ အထင်ကရ ကျိုင်းတုံဟော်နန်းကို ဖြိုခွဲဖျက်ချမှုတွင် အမိန့်ပေးစေခိုင်းသူအဖြစ် နာမည်ကြီးခဲ့သူဖြစ်သည်။

## သျှမ်းပြည်အရှေ့ပိုင်းသားများ ခရစ်ယာန်ဖြစ်ရာပြည့်အခမ်းအနားကျင်းပ

၁၂ အေပရယ် ၂၀၀၆

၂၀၀၀ ခန့်သော သျှမ်းပြည်အရှေ့ပိုင်းသားများသည် အေပရယ် ၅–၉ ရက်နေ့အထိ ၅ ရက်ကြာ သျှမ်းလူမျိုးများ ခရစ်ယာန် ဘာသာဝင်အဖြစ်ခံယူခဲ့သည့် ရာပြည့်နှစ်အထိမ်းအမှတ် ကျင်းပခဲ့ခြင်းဖြစ်သည်ဟု နယ်စပ်သို့ပြန်လည်ရောက်ရှိလာသော ဒေသခံတဦးကဆိုသည်။

အခမ်းအနားကို မိုင်းယောင်းမြို့ပြင် ဝမ့်မွန်ရွာတွင် ကျင်းပခဲ့သည်။ ကျိုင်းတုံမြို့တွင်အခြေချသော ဘက်တစ်မစ်ရှင်၏ ဘုန်းတော်ကြီး ဝီလျံယန်း (Reverand William Young) ပို့ချမှုဖြင့် သျှမ်းပြည်အရှေ့ပိုင်းရှိ ထောင်ပေါင်းများစွာသော လားဟူလူမျိုးများက ခရစ်ယာန်ဘာသာဝင်အဖြစ်ခံယူခဲ့ကြသည်။ ထိုမှ နောက်ပိုင်းနှစ်နှစ်အကြာ (၁၉၀၆)တွင် မိုင်းယောင်းမှသျှမ်းဇနီးမောင်နှံ နွဲ့အင်းစိုင်းနှင့်အီပိန်းတို့နှစ်ဦးသည်လည်း ခရစ်ယာန်ဘာသာဝင်အဖြစ် ပထမဦးဆုံးခံယူခဲ့ကြသည်။

သို့သော်လည်း မိုင်းယောင်းရှိ ၂၀၀၀ လုံးသော ခရစ်ယာန်များသည် ဘက်တစ်များမဟုတ်ကြပါ။ သုံးပုံ တစ်ပုံမှာ ရိုမန်ကက်သလစ်များဖြစ်ကြသည်ဟုခရစ်ယာန်ဘုန်းကြီးတစ်ဦးကဆိုသည်။ သူက ဆက်လက်ပြောသည်မှာ ကျိုင်းတုံစော်ဘွားက သာသနာအရပ်ရပ်ကို သဘောထားကြီးစွာကြိုဆိုကြောင်း ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ "*သားကိုရှင်မပြုပေးနိုင်လောက်အောင် အသုံးမကျသူများ၊ အနူများနှင့်စုန်းရှိသူများသာ ခရစ်ယာန်ဘာသာဝင်အဖြစ်ခံယူကြသည်*"ဟု ထင်မှတ်ယုံကြည်နေသော လူများစုဗုဒ္ဓဘာသာဝင်များအကြားတွင် မျက်နှာငယ်ဆဲဟု အခမ်းအနားကို ပါဝင်ဆင်နွှဲခဲ့ရသူ ခရစ်ယာန်သျှမ်းတစ်ဦးက ပြန်လည်ပြောပြသည်။

## လက်နက်ချရန် 'ဝ' အဖွဲ့ "ဖိတ်ခေါ်" ခံရခြင်း

၁၇ အေပရယ် ၂၀၀၆

ဒေသတွင်း ထိုင်းသစ်လုပ်ငန်းရှင်တစ်ဦး၏အဆိုအရ အေပရယ် ၉ ရက် တနင်္ဂနွေနေ့ တာချီလိတ်တွင်ကျင်းပသော အစည်းအဝေးအတွင်း UWSA ကို ဗမာ့တပ်မတော်မှ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ရန်"ဖိတ်ခေါ် "ခဲ့သည်ဟု ဆို၏။ "ကျနော်တို့ မလိုက်လျောနိုင်တဲ့ တောင်းဆိုမှုပါ"ဟု 'ဝ' အရာရှိတစ်ဦးက အတည်ပြုပြောဆိုသည်။

တာချီလိတ်သို့ အရှေ့မြောက်ပိုင်းတိုင်း၊ အရှေ့ပိုင်းတိုင်းနှင့် တြိဂံတိုင်းတို့ကိုကြီးကြပ်နေသော တိုင်းချုပ်ကြီးဒုဗိုလ်ချုပ်ကြီးကျော်ဝင်း အလည်အပတ်ရောက်ရှိပြီးသည့်နောက် အစည်းအဝေးကို သုံးရက်ကြာကျင်းပခဲ့ခြင်းဖြစ်သည်။

UWSA တပ်အင်အားစုသည် တရုတ်–သျှမ်းနယ်စပ်တလျှောက် ကိုးကန့်မှမုံးလားအထိနှင့် ထိုင်း–သျှမ်းနယ်စပ်တလျှောက် တာချီလိတ်မှ ဟိုမိန်းအနီးတဝိုက်အထိ တပ်စွဲထားကြသည်။

## သတင်းတိုထွာ

### နယ်စပ်သို့ ဝ များ အစုလိုက်အပြုံလိုက် ထပ်မံပြောင်းရွှေ့လာခြင်း

၂၁ အေပရယ် ၂၀၀၆

၂၀၀၀ ခန့်ရှိ ဝ လူမျိုးများသည် အေပရယ် ၁၇ ရက်တွင် မိုင်းတုံမြို့နယ်သို့ ထပ်မံပြောင်းရွှေ့ရောက်ရှိလာကြကြောင်း နယ်စပ်မှပေးပို့သော သတင်းများအရ သိရသည်။

ဝ အရာရှိတစ်ဦး၏ ပြောဆိုချက်အရ ဝ မြို့တော်ပန်ဆန်းမှ ဝ လူမျိုးများကို ထရပ်ကားကြီး ၃၉ စီးဖြင့် တင်ဆောင်လာကြောင်း၊ သတင်းဆိုစ့်က ဆက်၍ပြောပြသည် မှာ “ဝ ဒုဉက္ကဋ္ဌ ဘိုလါခမ်းက ဒီဇင်ဘာ ၅ ရက် – ဇန္နဝါရီ ၃၁ အတွင်းမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကို သွားရောက်တက်ရောက်နေစဉ် အတောအတွင်းမှာ ဒီပြောင်းရွှေ့ရေးကို ရန်ကုန်စစ်အုပ်စုနဲ့ သဘော တူညီချက်ရယူခဲ့တာပါ”ဟု ဆိုသည်။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ LNDO မှ ထုတ်ဝေသော Unsettling Moves အစီရင်ခံစာအရ ၁၉၉၉ ခုနှစ်မှစတင်သော ၃ နှစ် စီမံကိန်းအတွင်း ဝလူမျိုး ၁၂၅,၀၀၀ ကျော်အား မြောက်ပိုင်းသျှမ်း–တရုတ်နယ်စပ်မှ တောင်ပိုင်းသျှမ်း–ထိုင်းနယ်စပ်သို့ပြောင်းရွှေ့အခြေချ နေထိုင်စေခဲ့ကြောင်း ဖော်ပြထားသည်။ ဝ သွေးစည်းညီညွတ်ရေး တပ်မတော် UWSA ကမူ လူပေါင်း ၆၀,၀၀၀ မျှသာ ပြောင်းရွှေ့ခဲ့ကြောင်း လူ ၁၀၀၀၀၀ ပြောင်းရွှေ့ရန် အစီအစဉ်ရှိကြောင်းဆိုသည်။

### မုံးလားအပစ်ရပ်ခေါင်းဆောင် “လင်” ကာစီနိုရုံများပြောင်းရွှေ့

၂၁ အေပရယ် ၂၀၀၆

မုံးလားအပစ်ရပ်ခေါင်းဆောင် စိုင်းလင်း ခေါ် လင်မင်ရှန်သည် တရုတ်အာဏာပိုင်များ၏ တိုက်တွန်းမှုအရ တရုတ်နယ်စပ်မှ ၁၆ မိုင်ခန့်အကွာ ကျိုင်းတုံမှ ၄၁ မိုင်ကွာဝေးသော မုံးမအုပ်စု ဝမ်ရှို့ကျေးရွာတွင် လောင်းကစားရုံသစ် ၅ ခုတို့ကို တည်ဆောက်နေသည်ဟု ထိုဒေသသို့ အလည်အပတ်သွားရောက်ခဲ့သော သျှမ်းသံတော်ဆင့် သတင်းဆိုစ့် ကဆိုသည်။

လောင်းကစားရုံတစ်ရုံသည် မတ်ချ်လ ၁ ရက်နေ့ကတည်းက စတင် ဖွင့်လှစ်ခဲ့ပြီး ကျန်လောင်းကစားရုံများကိုလည်း မေလအတွင်းတွင် ဖွင့်လှစ်နိုင်ရန် ‘လင်’က စိုင်းပြင်းနေသည်ဟု ဆို၏။ ၂၀၀၄ ခုနှစ် နှောင်းပိုင်းအထိ NDAA-ESS ၏အဓိကဝင်ငွေ ရရှိရာ လမ်းကြောင်းမှာ ခရီးသွားလာရေးနှင့်လောင်းကစားရုံများမှဖြစ်သည်။ တရုတ်အာဏာပိုင်များက နယ်စပ်ဂိတ်များကို ပိတ်ပစ်လိုက်သောအခါ စည်ကား သိုက်မြိုက်ခဲ့ဖူးသောမြို့သည် သရဲမြို့အလား တိတ်ဆိတ်သွားခဲ့သည်။

### အကျပ်အတည်းနှင့်ရင်ဆိုင်နေရသော ဒီ ချုပ် အဖော်တိုး

၃၀ အေပရယ် ၂၀၀၆

၁၉၉၀ ရွေးကောက်ပွဲ ဒုတိယအကြီးဆုံးအနိုင်ရပါတီ သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (Shan Nationalities League for Democracy - SNLD) ၏ အဖွဲ့ဝင်တစ်ဦး “ဆန္ဒအလျောက်နုတ်ထွက်”ဟု နအဖပိုင် မြန်မာ့အလင်းသတင်းစာက ယမန်နေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသတင်းက အသက် ၅၈ နှစ် စိုင်းဆောင်ဆီခေါ်နဲယ်လ်ဆင် လွှတ်တော်အမတ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် ၂ သည် သူ၏ နုတ်ထွက်စာကို အေပရယ် ၆ ရက် နေ့၌တင်သွင်းခဲ့ကြောင်း ဖော်ပြထားသည်။

စိုင်းဆောင်ဆီသည် သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ပါလီမန်လွှတ်တော်အမတ်များအနက် သုံးဦးမြောက်နုတ်ထွက်ရသူဖြစ်ကြောင်း သျှမ်းပြည်မြောက်ပိုင်း သတင်းများကဆိုသည်။ အာဏာပိုင်များ၏ ဖိအားပေးမှုဖြင့် ယခင်က နုတ်ထွက်သွားရသူနှစ်ဦးမှာ–

၁။ ။စိုင်းထွန်းအောင်၊ ၄၈ နှစ်၊ လင်းခေးလွှတ်တော်အမတ်၊ ဂျွန်လ ၅ ရက် ၂၀၀၄ တွင် နုတ်ထွက်

၂။ ။ပါတီခေါင်းဆောင် စဝ်ခွန်ထွန်းဦး၊ ၆၃ နှစ်၊ သီပေါမြို့နယ် ဆန္ဒနယ်မြေ–၁၊ နိုဝင်ဘာ ၃ ရက် ၂၀၀၅ တွင် နှစ်ရှည်ထောင်ဒါဏ် ၉၃ နှစ်ချမှတ်ခံရ

တို့ဖြစ်သည်။

အဘက်ဘက်မှအတည်ပြုသော သတင်းများအရ စိုင်းဆောင်ဆီသည် အေပရယ် ၆ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဆင့်ခေါ်ခြင်းကိုခံခဲ့ရပြီး ကျောက်မဲရှိသူ၏အရဏ်ဦးတည်းခိုခန်း အပိတ်ခံမလား (သို့) ပါတီဝင်အဖြစ်မှနုတ်ထွက်မလား တစ်ခုခုရွေးချယ်ရန် ဖိအားပေး ခံခဲ့ရသည်ဟုဆိုသည်။

ပါတီ၏အရေးကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ စိုင်းဖုခေါ် စိုင်းလှဖေ (၅၆ နှစ်) သည်လည်း ထိုနည်းရင်း ဖိအားပေးခံရပြီး အေပရယ် ၇ ရက်နေ့တွင် အသင့်ပြင်ဆင်ထားပြီးသောနုတ်ထွက်စာအား လက်မှတ်ထိုးလိုက်ရသည်။ ထိုနည်းတူ သီပေါ–နောင်ချို–မူဆယ်ရုံးခွဲတို့လည်း အကျပ်ကိုင်ခံရကြောင်း သတင်းရသည်။

သျှမ်းပြည်တောင်ပိုင်း လင်းခေး၊ မိုင်းကိုင်နှင့် ဆီဆိုင်မြို့များရှိ ပါတီရုံးခွဲများမှာလွန်ခဲ့သော ၅ နှစ်ကျော်ကတည်းက ပိတ်ပင်ခြင်းခံခဲ့ရပြီး ဖြစ်သည်။



INDP 224 BUR.PMD 22 24/05/2006, 12:18 PM

# အာ မေ ရိ ကန် သျှမ်း များ ပ ထ မ ဆုံး အာ ကြိမ် UN ရုံး ရှေ့ ဆန္ဒ ပြ










ဓာတ်ပုံ။ ။ SIB

အမေရိကန်မှာရောက်ရှိနေကြတဲ့ သျှမ်းတိုင်းရင်းသားများအဖွဲ့က ပထမဆုံးအကြိမ်အဖြစ် စုဝေးဆန္ဒပြပွဲတရပ်ကို နယူးယောက်မြို့ ကမ္ဘာ့ကုလသမဂ္ဂရုံးရှေ့ပန်းခြံမှာ မေလ ၁ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။ နအဖစစ်အစိုးရဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ အပြုသဘောဆောင်တဲ့ကမ်းလှမ်းချက်၊ အဆိုပြုချက်တွေကို ခါးခါးသီးသီး ငြင်းဆန်နေတဲ့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိရောက်စွာ အရေးယူဆောင်ရွက်ပေးဘို့ ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအနန်ဆီကို စာရေးတောင်းဆိုခဲ့သလို ဆန္ဒပြနေစဉ်အတွင်းမှာ လက်ကမ်းစာစောင်တွေလည်းဝေငှခဲ့တယ်လို့သိရပါတယ်။ အဲဒီလက်ကမ်းစာစောင်တွေထဲမှာ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေ၊ သျှမ်းပြည်ရဲ့သမိုင်းကြောင်း၊ သျှမ်းပြည်အတွင်း လူ့အခွင့်အရေးချိုးဖေါက်မှုမှတ်တမ်း၊ SNLD ဥက္ကဌ စဝ်ခွန်ထွန်းဦးနဲ့ ကျန်သျှမ်းခေါင်းဆောင်တွေရဲ့ဓါတ်ပုံနဲ့ သူတို့အပေါ် စွဲဆိုထားချက်တွေ–စသဖြင့် ပါရှိပါတယ်။

အဲဒီဆန္ဒပြပွဲကို ကုလသမဂ္ဂရုံးရှေ့မှာ နေ့လည် ၁၂:၀၀ နာရီကနေ ညနေ ၀၆:၀၀ နာရီအထိပြုလုပ်ခဲ့ပြီး တခြားဒီမိုကရေစီအဖွဲ့တွေလဲ ပါဝင်ပူးပေါင်းခဲ့တယ်လို့ သိရပါတယ်။

နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့တကွ အဖမ်းဆီးခံထားရတဲ့နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးဖို့၊ ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံထားရတဲ့ ခွန်ထွန်းဦးအပါအဝင် သျှမ်းပြည်ခေါင်းဆောင်တွေအားလုံး ချွင်းချက်မရှိ ပြန်လွှတ်ပေးဖို့၊ သျှမ်းပြည်အတွင်းမတရား ဖိနှိပ်အုပ်ချုပ်နေမှု၊ အတင်းအကြပ်နေရာရွှေ့ပြောင်းခံရမှုတွေ၊ အမျိုးသမီးတွေအပေါ် မုဒိန်းကျင့်မှုတွေ–စတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ရပ်တန်းကရပ်ဘို့နဲ့ မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးဖို့ တောင်းဆိုကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖေါ်ဝါရီလ ၁၂ ရက်နေ့က NLD ရဲ့တောင်းဆိုချက်ကို နအဖကတုန့်ပြန်မှုမရှိတာရယ်၊ တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်တွေအပေါ် ပိုပြီးဖိနှိပ်ချုပ်ခြယ်လာတဲ့ အခြေအနေတွေကို မီးမောင်းထိုးပြဘို့အတွက် ကုလသမဂ္ဂရုံးရှေ့မှာ ဆန္ဒပြဘို့စီစဉ်ခဲ့တယ်လို့ နယူးယောက်အခြေစိုက် သျှမ်းအမျိုးသမီးနန်းဇမ်နွံက ပြောပြပါတယ်။

“NLD တောင်းဆိုတဲ့ဟာက အားလုံးရဲ့အမြင်မှာ တော်တော်ပျော့ပြောင်းတယ်လို့ ပြောရမှာပါ။ အဲဒါကိုလဲနအဖက လုံးဝအရေးမစိုက်ဘူး။ ကျမတို့ဒီမှာရှိနေတဲ့ သျှမ်းတိုင်းရင်းသားတွေအားလုံးက အမေရိကန်ပြည်ထဲမှာပြန့်ကြဲနေတယ်။ ပြည်နယ်တစ်ခုခုမှာ သျှမ်းတွေ နည်းနည်းစီရှိကြပါတယ်။ ဒါပေမဲ့ လော့စ်အိန်ဂျလစ်က သျှမ်းတွေရောရောက်လာပြီး ပါဝင်ဆန္ဒပြမယ်ဆိုလို့ ချက်ချင်းစီစဉ်လိုက်တာပါ။”

သျှမ်းအမျိုးသားတွေ စုဝေးဆန္ဒပြနိုင်ဘို့အတွက် ကာလီဖိုးနီးယားပြည်နယ်၊ ကွန်နက်တီကတ်နဲ့ နယူးဂျာစီပြည်နယ်တွေမှာ ပြန့်ကြဲနေတဲ့သျှမ်းတွေကို စုစည်းပြီးစီစဉ်ခဲ့တယ်လို့ သိရပါတယ်။

မိုင် ၃၀၀၀ ကျော်ဝေးတဲ့ကာလီဖိုးနီးယားကနေ ဆန္ဒပြဘို့အတွက် နယူးယောက်မြို့ကိုရောက်ရှိလာတဲ့ အသက် ၆၀ အရွယ်သျှမ်းဦးကြီးတဦးဟာ ဘာ့ကြောင့်အခုလိုလာရောက်ဆန္ဒပြရသလဲဆိုတဲ့အကြောင်း ဆန္ဒပြပွဲကနေ သျှမ်းဘာသာနဲ့အခုလိုပြောပြပါတယ်။ “ကျနော်ဟာ နယူးယောက်နဲ့ မိုင် ၃၀၀၀ ဝေးတဲ့ အမေရိကန်ပြည်ထောင်စု အနောက်ဖက်ခြမ်းမှာနေထိုင်ပါတယ်။ ကျနော့်ရဲ့မိခင်နိုင်ငံ၊ မိမိလူမျိုး သျှမ်းအမျိုးသားတွေ တွေ့ကြုံနေရတဲ့ဒုက္ခတွေကို ကမ္ဘာကသိအောင် ပြောပြနိုင်ဘို့အတွက် လာရောက်ဆန္ဒပြရတာဖြစ်တယ်”

အလားတူဘဲ ကွန်နက်တီကတ်ပြည်နယ်က သျှမ်းဦးကြီးတွေကလဲ ဆန္ဒပြပွဲကို လာရောက်ပူးပေါင်းခဲ့ကြတယ်လို့ သိရပါတယ်။ ပထမဆုံး သျှမ်းအမျိုးသားတွေရဲ့ ဆန္ဒပြပွဲစီစဉ်ခဲ့ပုံကို နန်းဇမ်နွံက – “Organize ကတော့ သျှမ်းအဖွဲ့အစည်းအချင်းချင်း ကျမတို့တလကို အနည်းဆုံးတခါလောက်တော့ conference call လုပ်တော့ လူအယောက် ၂၀ ကနေ ၅၀ လောက်တက်လို့ရတဲ့ conference call လုပ်လိုက်တယ်။ ထိုင်းထဲမှာရှိတဲ့ သျှမ်းတွေလဲပဲ လွန်ခဲ့တဲ့တပတ်လောက်က သူတို့ဆန္ဒပြပွဲလုပ်တယ်တဲ့၊ လူလဲတော်တော်များတယ်တဲ့။ အယောက် ၁၀၀ နီးပါးရှိတယ်တဲ့။ နိုင်ငံတကာမှာရောက်နေတဲ့ သျှမ်းတွေ USA တင်မက Australia, Canada, UK မှာရှိတဲ့ သျှမ်းတွေတညီတညွတ်တည်း ကိုယ်ရောက်တဲ့နေရာမှာ စုဝေးဆန္ဒပြသင့်တယ်လို့ အကြံဉာဏ်ပေးလာတယ်။ ကျမတို့ဒီမှာလူစုလိုက်တော့ နယူးယောက်မှာ သျှမ်းက ၄–၅ ယောက်ရှိတယ်။ ကျန်တဲ့ ပြည်နယ်တွေမှာ နည်းနည်းစီ ပြန့်ကြဲနေတယ်။ ဆန္ဒပြရင်လာမယ်လို့ပြောတော့ လုပ်ဖြစ်သွားတာပါ။”

သျှမ်းအမျိုးသားတွေရဲ့ဆန္ဒပြပွဲလို့ဆိုပေမဲ့ နယူးယောက်မြို့ကို ရောက်ရှိနေတဲ့ ရခိုင်အမျိုးသားတွေ၊ NCGUB အဝေးရောက်ညွန့်ပေါင်း အစိုးရအဖွဲ့ဝင်တွေ NLD-LA လွတ်မြောက်နယ်မြေအဖွဲ့ဝင်တွေနဲ့ အမျိုးသမီးအဖွဲ့ဝင်တွေလဲ ပါဝင်တက်ရောက်ဆန္ဒပြခဲ့ကြတယ်လို့ သိရပါတယ်။

အလားတူဆန္ဒပြပွဲတရပ်ကို မနေ့(၃၀၊ ၄၊ ၀၆)ကဘဲ ဝါရှင်တန်ဒီစီမြို့က နအဖစစ်သံရုံးရှေ့မှာ ပြုလုပ်ခဲ့ပါတယ်။ ဆန္ဒပြပွဲကိုစီစဉ်သူ ကိုရွှေဇင်ထွန်းက “၂၀၁ ကြိမ်မြောက် အာဏာရှင်ဆန့်ကျင်ရေးလူထုလွတ်မြောက်ရေးလှုပ်ရှားမှုဖြစ်ပါတယ်။ UN အတွင်းရေးမှူးချုပ် ကိုဖီအနန်ထံ စာတစောင်ပေးထားပါတယ်။”

**RFA နန်းခမ်းထွေး (၂၊ ၅၊ ၀၆)**









ဓာတ်ပုံ။ Surharn

အမေရိကန်ပြည်ထောင်စုမှာ ရောက်ရှိနေတဲ့ သျှမ်းတိုင်းရင်းသားတွေ မေလ ၁ ရက် ကမ္ဘာ့အလုပ်သမားနေ့မှာ နယူးယောက် UN ရုံးရှေ့မှာ ဆန္ဒပြခဲ့သူတွေထဲက နန်းဇမ်နွံက BBC ကို အခုလိုပြောပြပါတယ်။

*“နဂိုကတည်းက ကျမတို့ဆန္ဒပြဘို့အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ ဒီ USA ရဲ့ State ပေါင်းစုံမှာ ပြန့်ကြဲပြီးနေထိုင်ကြလို့ စုစည်းဘို့ မလွယ်ပါဘူး။ NLD က အပျော့ပြောင်းဆုံးတောင်းဆိုတာကိုတောင် နအဖတို့မလိုက်လျောဘူး။ ထပ်ပြီး သဘောထားတင်းမာနေတယ်။ ပြည်တွင်းအခြေအနေကလဲ အဖက်ဖက်ဆိုးဝါးလာတယ်။ အဲဒါကြောင့် ပြင်ပမှာရောက်နေကြတဲ့ သျှမ်းတွေအနေနဲ့ စုပေါင်းပြီး ဆန္ဒပြတာဟာ NLD နဲ့ သဘောထားချင်းအတူတူဘဲပေါ့နော်။ ပြည်တွင်းပြုပြင်ပြောင်းလဲမှုတွေလိုလားကြတယ်ဆိုတာပြသဘို့ စုဝေးဆန္ဒပြကြတာပါ။”*

*“USA မှာ ရောက်နေတဲ့ သျှမ်းတိုင်းရင်းသားတွေဟာ တခြားတိုင်းရင်းသားတွေ နိုင်ငံရေးနဲ့ပတ်သက်ပြီး နေရာတိုင်းမှာပူးပေါင်းဆောင်ရွက်မှုရှိပါတယ်။ နိုင်ငံရေးတင်မက လူမှုရေးဘက်မှာကော– ဥပမာ သင်္ကြန်ပွဲတို့ ဘာတို့မှာလဲ ကျမတို့သျှမ်းတွေအမြဲပါပါတယ်။ သျှမ်းရိုးရာအကတို့၊ အစားအသောက်တို့ ဘာတို့ကအစ – နိုင်ငံရေးပွဲတွေအမြဲတမ်းသွားပါတယ်။ သျှမ်းကိုယ်စားလှယ်တွေအနေနဲ့တက်တာတွေလဲရှိပါတယ်။ ဒါပေမဲ့ နေထိုင်တာဝေးကြတော့ အင်အားကောင်းကောင်းနဲ့မပါနိုင်တာတခုဘဲ ရှိပါတယ်။”*

*“ဒီကနေ့ဆန္ဒပြပွဲမှာ သျှမ်းတွေတင်မက ရခိုင်အမျိုးသားတွေ၊ နယူးရောက်မှာရှိတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ Burma Point တို့ NCGUB, NLD-LA အဖွဲ့ဝင်တွေ အကုန်လုံးလာကြပါတယ်။”*

*“ဒီဆန္ဒပြမှု ဘယ်လောက် ထိရောက်မလဲဆိုတော့ ကျမတို့နားဖြတ်သွားကြတဲ့လူတွေခပ်များများက ဒေါ်အောင်ဆန်းစုကြည်ကို သိကြတယ်။ ဒါပေမဲ့ သျှမ်းအမျိုးသားတွေလဲ အဖိနှိပ်ခံနေရတယ်ဆိုတာ သူတို့မသိကြဘူး။ ဒါ့ကြောင့် သူတို့မေးခွန်းတွေမေးကြတယ်။ Shan State က ဘယ်နားမှာလဲ– အဲဒါမျိုးတွေပေါ့။ ကျမတို့က ဆန္ဒပြတာအပြင် စာတွေဖြန့်ဝေပါတယ်။ ဦးခွန်ထွန်းဦးနဲ့ ဖမ်းဆီးခံထားရတဲ့ သျှမ်းခေါင်းဆောင်တွေပါတဲ့ ဓါတ်ပုံပါစာရွက်တွေ၊ UN အတွင်းရေးမှူးချုပ်ဆီရေးပို့တဲ့စာတွေလဲပါတယ်။ သျှမ်းပြည်အကြောင်း၊ ဒေါ်စုကိုလွှတ်ပေးဘို့တောင်းဆိုတဲ့အကြောင်းတွေလဲ ဖြန့်ပါတယ်။ မြန်မာပြည်နိုင်ငံရေး လုံးဝကြီးပြောင်းလဲလာဖို့တော့ မမျှော်လင့်ပါဘူး။ ဒါပေမဲ့ နအဖကိုတော့ အနည်းဆုံး message တခုပေးလိုက်နိုင်တာပါ။ ကျမတို့လည်း အဖိနှိပ်ခံဘဝမှာ ရှိနေတယ်ဆိုတာပေါ့။”*

ဆန္ဒပြနေသူ ၃၀ ခန့်အထဲကတစ်ဦးဖြစ်သူ သျှမ်းတိုင်းရင်းသူ နန်းဇမ်နွံ ရှင်းပြသွားတာဖြစ်ပါတယ်။

**BBC (3/ 5/ 06)**



INDP 224 BUR.PMD 24 24/05/2006, 12:18 PM

# ယနေ့ဗမာပြည်လူ့အခွင့်အရေးအခြေအနေ

ယနေ့ဗမာပြည် လူ့အခွင့်အရေးအခြေအနေမည်သို့ရှိသနည်းဟု မေးလျှင် ကမ္ဘာ့အဆိုးဝါးဆုံးနိုင်ငံများထဲ၌ ပါဝင်နေသည်ဟုဖြေရမည် ဖြစ်၏။ ၁၉၈၈ တွင် ဒုတိယအကြိမ်အာဏာသိမ်းပြီးယနေ့တိုင်အောင် ကြမ်းတမ်းစွာ ဖိနှိပ်အုပ်ချုပ်သည့် စစ်အာဏာရှင်အုပ်စုသည် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ NLD ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် နှင့် ဒုဥက္ကဋ္ဌဦးတင်ဦးတို့အား အချိန်အကန့်အသတ်မရှိ အကျယ်ချုပ် ချုပ်ထားသည်သာမက ရွေးကောက်ပွဲအနိုင်ရ ဒုတိယအကြီးဆုံးပါတီ SNLD ၏ ဥက္ကဋ္ဌခွန်ထွန်းဦးနှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များ အား အနှစ် ၉၀–၁၀၀ ထောင်ဒဏ်ချမှတ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသား ၁၂၀၀ ကျော်လည်း တပြည်လုံးအနှံ့ အချုပ်နှောင်ခံနေရဆဲဖြစ်သည်။

၁၉၉၆–၉၈ နှစ်များက သျှမ်းပြည်အလယ်ပိုင်း၊ တောင်ပိုင်း၌ သူပုန်နှိမ်နင်းရေးအကြောင်းပြချက်ဖြင့် နဝတစစ်တပ်က ဒေသခံ တိုင်းရင်းသားပြည်သူများအပေါ် ရက်စက်ယုတ်မာစွာ ဖြတ်လေးဖြတ် ပေါ်လစီ ကျင့်သုံးခဲ့၏။ ၁၁ မြို့နယ်အတွင်းကျေးရွာပေါင်း ၁,၄၀၀ ကျော်၊ ကျေးလက်လူထု ၃၀၀,၀၀၀ကျော်အား အဓမ္မပြောင်းရွှေ့ခိုင်းသဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံအတွင်းသို့ သုံးပုံနှစ်ပုံကျော် ထွက်ပြေးတိမ်းရှောင် နေရသည်။ ကျန်သုံးပုံတပုံကျော်မှာလည်း IDP ဘဝကျရောက်ခဲ့

**ဒေသခံကရင်လူထု၊ ၁၂,၀၀၀ ခန့် မိမိအိုးအိမ်ကိုစွန့်ခွာ၍ အခြေအနေမဲ့ပြည်တွင်းဒုက္ခသည်များအဖြစ် ထွက်ပြေးပုန်းရှောင်နေရသည်မှာ လက်ရှိမျက်မြင်ကိုယ်တွေ့ဖြစ်**

ရသည်မှာ ယနေ့တိုင်ဖြစ်သည်။ တိုင်းရင်းသားပြည်နယ်များနှင့် တပြည်လုံးတွင်လည်း နအဖစစ်တပ်မှ အမျိုးသမီးများအပေါ် မုဒိမ်း ကျင့်မှု အဆက်မပြတ်ကျူးလွန်နေခဲ့ကြသည်။

အစိုးရနှင့်မပတ်သက်သော NGOs လုပ်ရှားမှုအဖွဲ့များဖြစ်သာ ထိုင်းနယ်စပ်အခြေစိုက် သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၊ သျှမ်းအမျိုးသမီး ရေးရာလှုပ်ရှားရေးအဖွဲ့၊ ကရင်လူ့အခွင့်အရေးအဖွဲ့၊ ကရင်အမျိုးသမီး အဖွဲ့ချုပ်၊ မွန်လူ့အခွင့်အရေးမဏ္ဍိုင် SHRF, SWAN, KHRG, KWO,HRFM စသည်တို့၏ ၂၀၀၂–၂၀၀၃ အစီရင်ခံစာများမှဖော်ပြ ချက်များအရ (အထောက်အထားခိုင်လုံသော စာရင်းဇယားများ လောက်သည်ပင်လျှင်) ၁၉၉၆–၂၀၀၂ အတွင်းဒေသခံ တိုင်းရင်းသူ စုစုပေါင်းထောင်နှင့်ချီ အဓမ္မပြုကျင့်ခြင်းခံခဲ့ကြရသည်။

၁၉၈၉ မှစ၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းပေါင်း ၁၇ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်နိုင်ခဲ့သည်ဟု စစ်အုပ်စုက ပြည်တွင်းပြည်ပကို ကြွေးကြော်ဝါဒဖြန့်နေခဲ့သော်လည်း စစ်တပ်တည်ဆောက်ရေးကိုမူ မရပ်မနားတိုးချဲ့နေခဲ့၏။ ၅၆ မြို့နယ်ရှိသော အကြီးဆုံးပြည်နယ်ဖြစ်သည့် သျှမ်းပြည်တပြည်လုံး၌ ၁၉၈၈–၈၉ က နဝတ ဗမာတပ်ရင်းပေါင်း ၂၁ ရင်းခန့်သာရှိခဲ့သော်လည်း ယခုအခါ တပ်ရင်းပေါင်း ၂၀၀ နီးပါးအထိ တိုးချဲ့အခြေချလာခဲ့ကြသည်။ သျှမ်း၊

**SHRF, SWAN, KHRG, KWO, HRFM စသည်တို့၏ ၂၀၀၂–၂၀၀၃ အစီရင်ခံစာများမှဖော်ပြချက်များအရ ၁၉၉၆–၂၀၀၂ အတွင်း ဒေသခံ တိုင်းရင်းသူ စုစုပေါင်းထောင်နှင့်ချီ အဓမ္မပြုကျင့်ခြင်းခံခဲ့ကြရသည်**

ကရင်၊ ကရင်နီ၊ မွန်၊ ချင်း၊ ရခိုင်ပြည်ထောင်များတွင် အဓမ္မရပ်ရွာပြောင်း ရွှေ့ခိုင်းမှု Forced Relocation သာမက တပြည်လုံး အနှံ့တောရွာမြို့ပါ နအဖစစ်တပ်မှ ဒေသခံတိုင်းရင်းသားပြည်သူများအပေါ် အဓမ္မလုပ်အား ပေး force labour, မုဒိမ်းမှု rape, အကြောင်းမဲ့ဖမ်းဆီးမှု ရိုက်နှက်မှု အဓမ္မလယ်ယာခြံမြေသိမ်းယူမှု porter, capture, torture, land confiscation များ ယနေ့တိုင်ချိုးဖောက်ကျူးလွန်နေကြသည်။

နအဖစစ်အုပ်စု၏ မြို့တော်သစ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးကို ပျဉ်းမနားမြို့နယ်ကြပ်ပြေးဒေသသို့ ပြောင်းရွှေ့ပြီးနောက်ပိုင်း ၂၀၀၆ ဖေဖော်ဝါရီလဆန်းမှစ၍ ပျဉ်းမနားအရှေ့တောင်ဘက် တောင်ငူ၊ ညောင် လေးပင်၊ ဖာပွန်နှင့် သထုံခရိုင်ဒေသများရှိဒေသခံ ကရင်တိုင်းရင်းသား များအပေါ် နအဖတပ်ရင်း ၅၆ ရင်းမှ အကြီးအကျယ်ဖြတ်လေးဖြတ် စစ်ဆင်ရေးပြုလုပ်ပြီး ကရင်ထုထု၏ ကျေးရွာအိမ်မြေမြေကောက်ပဲသီးနှံ ဆန်စပါးများဖျက်စီးမီးရှို့ခြင်း၊ ဖါးစည်စသည့် သမိုင်းဝင်ယဉ်ကျေးမှု သင်္ကေတပစ္စည်းများနှင့်ရွှေငွေပစ္စည်းများလုယက်ခြင်း၊ ကလေးသက်ကြီး ရွယ်အိုပါမကျန် သမက်ဘသူများအားသတ်ဖြတ်ခြင်း၊ အမျိုးသမီးများ အားမုဒိမ်းကျင့်ခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အသော မသတ်ကျူးလွန်ချိုးဖောက်နေကြသည်။ သို့ဖြစ်၍ ဒေသခံကရင်လူထု၊ ၁၂,၀၀၀ ခန့် မိမိအိုးအိမ်ကိုစွန့်ခွာ၍ အခြေအနေမဲ့ပြည်တွင်းဒုက္ခသည် များအဖြစ် ထွက်ပြေးပုန်းရှောင်နေရသည်မှာ လက်ရှိမျက်မြင်ကိုယ်တွေ့ ဖြစ်သည်။

နအဖစစ်အုပ်စုသည်(ဧပြီလ လစာမတိုးမီအထိ) ကျန်းမာရေး၊ ပညာရေးအတွက် ပြည်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာတစ်ဒေါ်လာ ခွဲကိုပင် ပြည့်အောင်မသုံးစွဲသော်လည်း စစ်သားတစ်ဦး၏ကျန်ကျ စားရိတ်ကိုမူ အမေရိကန်ဒေါ်လာ ၄၀၀ ခန့်သုံးစွဲနေသည်။ ယခုအခါ စစ်မှုထမ်းများ၏ လစာကို ၃ ဆမှ ၅ ဆအထိ တိုးပေးပြန်ပြီဖြစ်သည်။

ယနေ့ပြည်သူများခါးစည်းကြုံတွေ့နေရသော ဒုက္ခဝဲသြယမှာ လူ့အခွင့်အရေးကင်းမဲ့မှုသာမက ပြည်ထောင်စုတိုင်းရင်းသားများ၏

ကိုယ်ပိုင်ပြဌာန်းခွင့် (နိုင်ငံရေးအရလွတ်လပ်ခွင့်) ကင်းမဲ့မှုဖြစ်သည်။ သို့ဖြစ်၍ ဒီမိုကရေစီအခွင့်အရေး နှင့် တိုင်းရင်းသားများ၏ အမျိုးသားရပိုင်ခွင့်သည် ဒင်္ဂါးတပြား၏ ခေါင်းနှင့်ပန်းပမာ ထပ်တူတပ်မျှအရေးပါအရာရောက်ကြောင်း၊ တခုနှင့်တခုအပြန်အလှန် ထောက်ကူပံ့ပိုးကျားကန်ပေးနေကြကြောင်း၊ ပြည်တွင်းပြည်ပဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားအင်စားစုများက အပြည့်အဝခံယူယုံကြည်ထားကြသည် UN ၏ ၁၉၉၄ ဆုံးဖြတ်ချက်ဖြစ်သည့် (NLD ဒီမိုကရေစီအုပ်စု၊ တိုင်းရင်းသားအုပ်စုနှင့် အာဏာသိမ်းစစ်အုပ်စုတို့၏ ၃ ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ) Tripartite Dialogue လမ်းညွှန်ချက်မှာလည်း ဒီမိုကရေစီအရေးကိုရော တိုင်းရင်းသားအရေးကိုပါ UN မှ အသိအမှတ်ပြုထားကြောင်းမှတ်ယူရပေမည်။

**ဒီမိုကရေစီအခွင့်အရေး နှင့် တိုင်းရင်းသားများ၏**

**အမျိုးသားရပိုင်ခွင့်သည် ဒင်္ဂါးတပြား၏ ခေါင်းနှင့်ပန်းပမာ**

**ထပ်တူတပ်မျှအရေးပါအရာရောက်ကြောင်း၊**

**တခုနှင့်တခုအပြန်အလှန် ထောက်ကူပံ့ပိုးကျားကန်ပေး**

ပြင်ပကမ္ဘာအဖို့မြန်မာပြည်၏ ပြည်ထောင်တိုင်းရင်းသားများအရေးထက် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအရေးကို ပို၍လူသိများကြ၏။ သို့သော် သမိုင်းအထောက်အထားနှင့် ပကတိအဖြစ်အမှန်အနေအထားကို ဆန်းစစ်ကြည့်လျှင် တိုင်းရင်းသားများ၏ ၇ ပြည်ထောင်နယ်မြေ အကျယ်အဝန်းသည် တပြည်လုံး ၏ ၆၀ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းလူဦးရေအရလည်း ဗမာလူမျိုးအများစုနှင့် နှိုင်းယှဉ်ပါက ၄၀ ရာနှုန်းခန့်ရှိ၏။ ၇ ပြည်ထောင်တိုင်းရင်းသားနယ်မြေများသည် ဗမာလူမျိုးအများစုနေထိုင်သည့် ဗဟိုချက်မအပေါ် မြင်းခွာပုံစံဝိုင်းရံထားသည်ကိုတွေ့ရသည်။

၁၉၄၇ ဖေဖေါ်ဝါရီလက သျှမ်းပြည်ပင်လုံညီလာခံ၌ တိုင်းရင်းသားခေါင်းဆောင်များနှင့် (ဒေါ်အောင်ဆန်းစုကြည်၏ဖခင်) ဗိုလ်ချုပ်အောင်ဆန်းတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် ပင်လုံသဘောတူညီချက်ကြောင့် အင်္ဂလိပ်ထံမှ ၁၉၄၈ တွင် ပြိုင်တူလွတ်လပ်ရေးရယူခဲ့ကြပြီး တရားမျှတတန်းတူစစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ဦးတည်ရည်မှန်းခဲ့ကြ၏။ သို့သော် ၁၉၆၂ ရောက်သောအခါတွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သောဗမာစစ်တပ်က ပါလီမန်ဒီမိုကရေစီအစိုးရထံမှ အာဏာသိမ်းယူပြီး ၁၉၄၇ အခြေခံဥပဒေကိုဖျက်သိမ်းကာ နိုင်ငံရေးခေါင်းဆောင်နှင့် တိုင်းရင်းသားခေါင်းဆောင်အများအပြားကို ဖမ်းဆီးထောင်ချပစ်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာပြည်တွင်း လူ့အခွင့်အရေးအခြေအနေ တဖြည်းဖြည်းဆိုးဝါးလာခဲ့သည်။ စစ်တပ်ကြီးစိုးသည့် တပါတီအာဏာရှင်စနစ်အား တတိုင်းပြည်လုံးအုံကြွဆန့်ကျင်ဆန္ဒပြသည့် ၁၉၈၈ ၌ ဒုတိယအကြိမ်အာဏာသိမ်းခဲ့သော ဗိုလ်နေဝင်း စစ်တပ်မျိုးဆက်သစ်နဝတ SLORC နှင့် ယနေ့နအဖ SPDC တို့၏ စစ်အုပ်ချုပ်ရေးနောက်ပိုင်း၊ လူ့အခွင့်အရေးအခြေအနေမှာ အဆိုးဝါး ဆုံးအဆင့်သို့ကြောက်ခမန်းလိလိ ထိုးကျခဲ့သည်မှာ ပစ္စက္ခကာလ မျက်မြင်ကိုယ်တွေ့တည်း။

တြိဂံတိုင်းသား (၂၄၊ ၄၊ ၂၀၀၆)



ကရင်နီ
ပြည်တွင်းဒုက္ခသည်အချို့

ကရင်နီပြည်တွင်းရှိ ပြည်တွင်းဒုက္ခသည်များ တည်နေရာပြမြေပုံ




ဓာတ်ပုံနှင့်မြေပုံ။ ။FBR

# သံလွင်ရေကာတာ
# ................
# မဟာအန္တရာယ်

သံလွင်မြစ်ရဲ့အထက်ပိုင်းနဲ့အောက်ပိုင်းဒေသတွေမှာ ရေကာတာတွေတည်ဆောက်မဲ့ကိစ္စနဲ့ပတ်သက်ပြီး ကန့်ကွက်ကြတဲ့သတင်းတွေ လွန်ခဲ့တဲ့ ၁–၂ နှစ်ကစပြီး ကြိုးကြားကြိုးကြား ကြားသိကြရပေမဲ့ လွန်ခဲ့တဲ့ ဧပြီလဆန်း ဝဖ လောက်ကစပြီး တော်တော်စိတ်စိတ်ကြားလာရပါတယ်။

ရေကာတာကြီးတွေတည်ဆောက်၊ အဲဒီကနေထုတ်လုပ်ရရှိတဲ့ ရေအားလျှပ်စစ်ဓါတ်အားကို ရောင်းချပြီး နိုင်ငံခြားငွေရှာဖွေဘို့ နအဖစစ်အစိုးရက ကြံစည်နေပြီးတော့ ထိုင်းနိုင်ငံဘက်ကလဲပဲ သူတို့နိုင်ငံအတွက် တနှစ်ထက်တနှစ်ပိုပိုပြီးလိုအပ်လာတဲ့ လျှပ်စစ်ဓါတ်အားကို ဈေးပေါပေါနဲ့ရရှိနိုင်ဘို့အတွက် ကြံစည်ကြိုးပမ်းနေကြတာတွေကို ဒေသခံတိုင်းရင်းသားတွေစိုးရိမ်လို့ ကန့်ကွက်နေကြတာဖြစ်ပါတယ်။ မြစ်ချောင်းတွေကို ပိတ်ဆို့ပြီးရေကာတာ အကြီးကြီးတွေတည်ဆောက်တဲ့အခါမှာ မြစ်ရေကိုပိတ်လိုက်တဲ့အတွက်ကြောင့် ရေကာတာရဲ့အထက်ပိုင်းမှာ ဆည်ကြီးပေါ်ထွက်လာရင် မြစ်ကမ်းရဲ့ ဟိုဘက်ဒီဘက် မြေနိမ့်ပိုင်းသစ်တောတွေ လယ်ယာမြေတွေရှိရှိသမျှအားလုံးဟာ ရေအောက်ကိုနစ်မြုပ်ကုန်ကြမှာဖြစ်ပါတယ်။ ဒီအခါမှာ ဒေသခံတွေအတွက်လဲပဲ စားကျက်ပျောက်ရှသာမက အချို့ဆိုရင် မျိုးတုံးသွားနိုင်တာကို

> သံလွင်မြစ်ပေါ်မှာ ရေကာတာတွေ တည်ဆောက်မဲ့ကိစ္စက ဆိုးကျိုးသက်ရောက်မှု အများကြီးရှိမှာပါ။ ဘာလို့လဲဆိုတော့ ရေမြေပတ်ဝန်းကျင်ထိခိုက်မှုတွေအပြင် သံလွင်မြစ်ကြီးဟာ ဒေသခံပြည်သူတွေအတွက် အင်မတန်အသုံးဝင်လို့ လူမှုရေးအားဖြင့် ထိခိုက်တဲ့ အကျိုးသက်ရောက်မှုတွေ အများကြီး ပေါ်ထွက်လာမှာဖြစ်ပါတယ်

အတိတ်ကာလသာဓကတွေမှာ တွေ့မြင်ခဲ့ကြရပါတယ်။ ရေကာတာရဲ့အောက်ပိုင်းကျပြန်တော့ အထက်ကရေကိုပိတ်ဆို့လိုက်လို့ ရေစီးအားလျော့နည်းသွားပြီး နွေအခါပူပြင်းတဲ့ရာသီတွေမှာ ထက်ဝက်မကလျော့နည်းသွားနိုင်ပါတယ်။ ဒါကြောင့်လဲပဲ ကမ္ဘာ့အရပ်ရပ်မှာ ဟိုအရင်တုံးကရေကာတာကြီးတွေ တည်ဆောက်ခဲ့တဲ့ဖြစ်စဉ်တွေကို လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေက လေ့လာသုံးသပ်ပြီး အခုနောက်ပိုင်းခေတ်ကာလမှာ ရေကာတာအကြီးကြီးတွေ တည်ဆောက်မယ်ဆိုရင် ဒီအချက်တွေကို ထည့်သွင်းစဉ်းစားဖို့စောင့်ကြည့်တိုက်တွန်းလေ့ရှိကြပါတယ်။

အဲဒီအဖွဲ့တွေထဲကတဖွဲ့ဖြစ်တဲ့ Southeast Asia River Network - SEARIN အဖွဲ့ကပြောရေးဆိုခွင့်ရှိသူ ထိုင်းအမျိုးသမီး မစ္စ ပီယ ဖွမ်းဒီထေ့စ် (Piyaporn Deetes) က “သံလွင်မြစ်ပေါ်မှာ ရေကာတာတွေတည်ဆောက်မဲ့ကိစ္စက အကျိုးသက်ရောက်မှုတွေအများကြီးရှိမှာပါ။ ဘာလို့လဲဆိုတော့ ရေမြေပတ်ဝန်းကျင်ထိခိုက်မှုတွေအပြင် သံလွင်မြစ်ကြီးဟာဒေသခံပြည်သူတွေအတွက် အင်မတန်အသုံးဝင်လို့ လူမှုရေးအားဖြင့် ထိခိုက်တဲ့ အကျိုးသက်ရောက်မှုတွေကလဲပဲ အများကြီးပေါ်ထွက်လာမှာဖြစ်ပါတယ်။”–ဆိုပြီး ရှင်းလင်းပြပါတယ်။

နအဖစွမ်းအင်ဝန်ကြီးဌာနနဲ့ထိုင်းနိုင်ငံတို့က ပြီးခဲ့တဲ့ ၂၀၀၅ ဒီဇင်ဘာလအတွင်းကဘဲ စာချုန်လွှာတစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီသဘောတူညီချက်အရ သံလွင်မြစ်စီးဆင်းရာ သျှမ်း၊ ကရင်နီ၊ ကရင်နဲ့မွန်ပြည်ထောင်တို့မှာ ၄ ခု၊ တနင်္သာရီတိုင်းမှာ ၁ ခု၊ စုစုပေါင်း ရေကာတာ ၅ ခုတည်ဆောက်ဖို့ စီစဉ်နေကြပါတယ်။ ဒီရေကာတာကြီးတွေပြီးစီးသွားတဲ့အခါမှာ စုစုပေါင်းလျှပ်စစ်ဓါတ်အားမီဂါဝပ် ၁ သောင်းခွဲကနေ ၂ သောင်းအထိ ထုတ်လုပ်ပေးသွားနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

သျှမ်းပြည်တောင်ပိုင်းမှာ တည်ဆောက်မဲ့တာ့ဆန်းသံလွင်ရေကာတာကတော့ မိုင်းပန်မြို့နဲ့မိုင်းတုံမြို့အကြား၊ မိုင်းတုံမြို့ရဲ့အနောက်မြောက်ဘက် ၃၅ မိုင်လောက်မှာရှိပြီး ထိုင်းနယ်စပ်နဲ့ မိုင် ၉၀ လောက်ကွာဝေးတဲ့အတွက် အဲဒီစီမံကိန်းကထွက်လာတဲ့ လျှပ်စစ်ဓါတ်အားနဲ့ထိုင်းနိုင်ငံကို ရောင်းချဘို့စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဒီတာ့ဆန်းစီမံကိန်းအတွက် ထိုင်းနိုင်ငံက MDX ကုမ္ပဏီနဲ့နအဖအစိုးရတို့ ပြီးခဲ့တဲ့ ဧပြီလဆန်းကဘဲ စာချုန်လွှာတခု ထပ်မံရေးထိုးခဲ့ကြပါတယ်။

ဒီလိုရေကာတာဆောက်လုပ်မဲ့ စီမံကိန်းကြောင့် မြေတူးမြေဖို့လုပ်ငန်းတွေအတွက် ဒေသခံတိုင်းရင်းသားတွေကို အတင်းချောဆွဲလုပ်အားပေးခိုင်းမဲ့ အန္တရာယ်၊ လုံခြုံရေးအတွက်ဆိုပြီးတော့ စစ်တပ်




သံလွင်မြစ်ကို ကန့်လန့်ဖြတ်၍ တည်ဆောက်မည့် ရေကာတာစီမံကိန်းပြမြေပုံ

အင်အားတွေတိုးပြီးချလာတဲ့အခါမှာ ဒေသခံတိုင်းရင်းသားတွေအဖို့ စစ်သားတွေရဲ့အနိုင်ကျင့်ခံရမှုတွေ တိုးပွားလာမဲ့အန္တရာယ်၊ ကျေးရွာတွေထပ်မံအရွှေ့ခံရမယ့် အန္တရာယ်–စတာတွေကို အများကစိုးရိမ်နေကြပါတယ်။

နှစ်အတော်ကြာ ဒီလိုဒုက္ခတွေအမျိုးမျိုးခံစားခဲ့ကြရပြီမို့ နအဖတပ်တွေလာမယ်ကြားရုံနဲ့ သျှမ်း၊ ကရင်နီ၊ ကရင်တိုင်းရင်းသားတွေဟာ ရင်တုံပန်းတုံဖြစ်ကြတယ်လို့ဆိုပါတယ်။ ဒါနဲ့ပတ်သက်လို့ SWAN ခေါ် သျှမ်းအမျိုးသမီးရေးရာပူးပေါင်းဆက်သွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နန်းဆိုင်နောင့်က အခုလိုပြောပြပါတယ်။ *"ရေကာတာတွေတောင်မှ မဆောက်ရသေးဘူး၊ လူတွေကတော့ အစမ့်ရွှေ့ပြောင်းခံခဲ့ရတာ ၁၉၉၆–၉၇ ကတည်းကဘဲ။ ခန့်မှန်းခြေ ကျေးလက်လူထု ၃ သိန်းကျော် အဘက်ဘက်ကို ရွှေ့ပြောင်းထွက်ပြေးကြရတယ်လေ။ လူ့အခွင့်အရေးချိုးဖေါက်မှုအမျိုးမျိုးလဲ အတောမသတ်ဖြစ်ခဲ့တယ်။ ဖြစ်လဲဖြစ်နေဆဲဆိုတာ အထင်းသားမြင်နိုင်တယ်လေ။ သျှမ်းပြည်အလယ်ပိုင်း/တောင်ပိုင်းဖြစ်တဲ့ နမ့်ဇာန်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းပန်၊ မိုင်းနိုင်း (မိုးနဲ)မြို့နယ်အတွင်းက ကျေးလက်ပြည်သူအထောင်အသောင်း ထိုင်းနယ်စပ်ကို အစုလိုက်အပြုံလိုက်ရောက်သွားကြတယ်။ အခုလဲ လာနေဆဲလို့ပြောနိုင်ပါတယ်။"*

အဲဒီလိုစစ်ဆင်ရေးတွေချမှတ်လုပ်ဆောင်ခဲ့တာက နယ်မြေလုံခြုံရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ရှင်းလင်းပစ်ဖို့လို့ နအဖ စစ်အစိုးရကပြောခဲ့ပါတယ်။ နန်းဆိုင်နောင့်က ဆက်ပြီး *"နအဖကတော့ သူပြောချင်တဲ့အကြောင်းပြချက်ကိုတော့ ပြောမှာဘဲ။ ဒါပေမဲ့ သက်ရောက်မှုကိုကြည့်ရင် ပြည်သူတွေအပေါ်တော်တော့ကို ဆိုးကျိုးဖြစ်စေပါတယ်။ နအဖအနေနဲ့ သျှမ်းပြည်၊ ကရင်နီ၊ ကရင်ပြည်ထဲမှာရှိတဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေကိုဘဲ အကြောင်းပြစွပ်စွဲအုံးတော့၊ ဒေသခံပြည်သူတွေကတော့ အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ဒုက္ခပင်လယ်ဝေရတာဘဲလေ"*

အဲဒီကျေးရွာတွေမှာ နအဖတပ်က ဒီနေရာမှာ ငါတို့ရေကာတာဆောက်ရင် ဒီအရပ်ဒေသမှာ ရေလွှမ်းသွားမယ်။ အဲဒီတော့ မင်းတို့ဒီကနေမဖယ်မနေရလို့ အတိအလင်းပြောပြီး ရွှေ့ခိုင်းတာလား၊ ဒါမှမဟုတ် – မင်းတို့ဒီနေရာမှာ မနေရတော့ဘူး၊ တခြားနေရာရွှေ့ကြပြောင်းကြဆိုပြီးတော့ ရွှေ့ခိုင်းတာလား၊ နစ်နာကြေးတွေဘာတွေပေးတာတွေ ရှိသလား?။

နန်းဆိုင်နောင့် – "နစ်နာကြေးဆိုတာ စစ်အစိုးရအဆက်ဆက်မှာ တခါမှမရှိပါဘူး။ ရွှေ့ပြောင်းခိုင်းတဲ့ကိစ္စလဲဒီလိုပါဘဲ။"

*"နောက်တခုရှိတာက ရေကာတာဆောက်လုပ်မှုနဲ့ ပတ်သက်သည်ဖြစ်စေ သူတို့လုပ်မဲ့တခြားစီမံကိန်းတွေနဲ့ပတ်သက်လို့ဘဲဖြစ်စေ၊ နအဖအနေနဲ့ပြည်သူကိုအသိပေးတာ တိုင်ပင်တာတို့ဟာ သူတို့လုပ်ရိုးလုပ်စဉ်မှာ ဘာတခုမှ မရှိပါဘူး။ နစ်နာကြေးတို့ လျော်ကြေးတို့ဆိုတာလဲ ဝေလာဝေးပါ။"*

အလားတူဘဲ ကရင်နီ၊ ကရင်နဲ့ မွန်ပြည်ထောင်တို့မှာလဲပဲ ရေကာတာတွေတည်ဆောက်ဖို့ စီစဉ်နေပြီးတော့ အဲဒီဒေသတွေက တိုင်းရင်းသားတွေရဲ့ စိုးရိမ်မှုတွေ၊ လှုပ်ရှားမှုတွေလဲရှိနေပါတယ်။

RFA (2/ 5/06)

# ပင် လုံ မြို့

ပင်လုံမြို့သည် သျှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်ခရိုင်အတွင်းရှိ မြို့တစ်မြို့ဖြစ်ပါသည်။ မြို့၏တည်နေရာမှာ လွိုင်လင်နှင့် လဲချားမြို့နှစ်မြို့ကြားတွင် တည်ရှိပါသည်။ ပင်လုံမြို့သည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၄၄၄၀ ပေတွင်တည်ရှိသည်။ ပင်လုံမြို့တွင် လေးရပ်ကွက်အထိရှိ၏။

ရပ်ကွက် (၁) ရေကန်ပိုင်း၊ ဘောလုံးကွင်းပိုင်းနှင့်ဈေးပိုင်းဖြစ်သည်။
ရပ်ကွက် (၂) နောင်ကွတ်ဘုန်းကြီးကျောင်းပိုင်း၊ တောင်ရိုးပိုင်းတို့ဖြစ်၏။ သမိုင်းဝင်ပြည်ထောင်စုကျောက်တိုင်လည်း ဤရပ်ကွပ်တွင် ရှိသည်။
ရပ်ကွက် (၃) ဇန့်ခမ်းရွာအပိုင်း၊ မိုင်ဆွန်ပိုင်း၊ (ဈေးအနောက်ဘက်) နန့်မော်န္တဲ့ပိုင်းတို့ဖြစ်၏။ ကြက်ကောင်ရေသောင်းချီရှိသော ကြက်ခြံ ရပ်ကွက်ဖြစ်သည်။ ကြက်ဥကြက်ချေးများ လက်မလည်အောင်ရောင်းရသည်။ ကျေးလက်တောင်ပေါ်ဒေသရှိ ဘိန်းခြံများတွင် မြေသြဇာအဖြစ်များစွာအသုံးပြုသဖြင့် ကြက်ချေးကိုအလုအယက် ရောင်းဝယ်ကြသည်ဟုဆိုသည်။
ရပ်ကွက် (၄) အကြီးဆုံးမှာ တွန်မိုပိုင်း (အိမ်ခြေ၅–၆၀၀ ခန့်)၊ နောင်ပန်တိုင်းအပိုင်း (အိမ်ခြေ ၃–၄၀၀)၊ နွံမောဝ်ပိုင်း (အိမ်ခြေ ၄–၅၀၀ ခန့်) နောင်လျဲန့်ပိုင်း (အိမ်ခြေ ၂–၃၀၀ ခန့်) – အကြီးဆုံးရပ်ကွက်ဖြစ်ပြီး အနည်းဆုံးအိမ်ခြေ ၂၀၀၀ ကျော်ရှိသည်။ စုစုပေါင်း လူနေအိမ်ခြေ

## SSA-S နှင့် နအဖ + ပြည်သူ့စစ် မူးယစ်တိုက်ပွဲ

သျှမ်းပြည်တပ်မတော်(တောင်ပိုင်း)နဲ့ နအဖတပ်ဖွဲ့တို့ ၂၁၊ ၄၊ ၀၆ ရက်နေ့မှာ ၃ နာရီကြာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး နအဖဖက်က ၄ ယောက်သေတယ်လို့ သိရပါတယ်။ မိုင်းဆတ်ဒေသမှာ နအဖ ခမရ ၃၁၁ နဲ့ ၅၂၆ အပါအဝင် ပူနားကိုလားဟူပြည်သူ့စစ်ပူးပေါင်းအင်အား ၁၂၀ လောက်နဲ့ သျှမ်းပြည်တပ်မတော်–တောင်ပိုင်းက ဗိုလ်မှူးလျဲန်းဂျင့် ဦးဆောင်တဲ့ အထူးတပ်ဖွဲ့တို့တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

**SSA-S** ပြောခွင့်ရပုဂ္ဂိုလ်နန်းခေးဆဲန်က အခုလိုပြောပြပါတယ်။ *"တိုက်ပွဲက အထူးတလယ်တိုက်ပွဲမဟုတ်ပါဘူး။ ကျမတို့လဲ သတင်းအသေးစိတ် မရသေးပါဘူး။ သွားရင်းလာရင်းနဲ့ ခဏတဖြုတ်တွေ့တဲ့တိုက်ပွဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သျှမ်းပြည်အတွင်းမှာ ကျမတို့တပ်က ဒီလိုဘဲလှည့်လည်သွားလာနေတယ်လေ။ အဲတော့ တွေ့တယ်ဆိုရင်တိုက်ပွဲဖြစ်ကြတာပေါ့။ ကျမတို့လဲ အဲဒီသတင်းလိုက်ဆဲဖြစ်ပါတယ်။ သျှမ်းသံတော်ဆင့်က ရုတ်တရက်သတင်းထရေးလာတာကို ကျမတို့တွေ့တယ်လေ။ ကျမတို့လူကတော့ အခုထိကျမတို့ဆီ* **report** *ရောက်မလာသေးပါဘူး။ သျှမ်းသံတော်ဆင့်ကို လှမ်းမေးလိုက်ရင် ပိုကောင်းမယ်ထင်ပါတယ်။"*

# မြို့ အ ကြောင်း သိ ကောင်း စ ရာ

၄၀၀၀ ကျော်ရှိသည့်တိုးချဲ့ရပ်ကွက်အဖြစ် မြို့၏တောင်ဘက်အထွက်တွင်ရှိသော သစ်တောခြံကို မြို့သစ်တည်ခဲ့ပါသည်။ မြို့သစ်တွင် နေထိုင်သူများသည် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ကျောက်တိုင်ဝင်းကို အရှေ့ဘက်လမ်းမအထိ တိုးချဲ့ခဲ့သောကြောင့် ပြောင်းရွှေ့သွားကြရသူများဖြစ်ပါသည်။

ပင်လုံမြို့လေးသည် သေးငယ်သော်လည်း၊ လူမျိုးပေါင်းစုံနေထိုင်၍ ခရိုင်မြို့ထက်ပင် စည်ကားပါသည်။ လူတန်းစားမှာလည်း အလွှာပေါင်းစုံရှိပါသည်။ ပင်လုံမြို့တွင်းတွင်နေထိုင်သော လူမျိုးအများစုမှာ သျှမ်းနှင့်ပအိုဝ်းများဖြစ်ကြပြီး၊ ကျန်လူမျိုးများမှာ တရုတ်၊ ဗမာ၊ ယင်းနက်၊ ပလောင်၊ ခနု၊ ကုလား(မွတ်ဆလင်မ်/ဟိန္ဒူ)စသည်ဖြင့် လူမျိုးစုံပါသည်။ ကိုးကွယ်သည့်ဘာသာမှာ အများအားဖြင့် ဗုဒ္ဓဘာသာဖြစ်သည်။

ပင်လုံမြို့တွင် အထင်ကရဘုန်းကြီးကျောင်း (၇)ကျောင်းရှိပါသည်။ ၎င်းတို့မှာ (၁) မွေတော်ကျောင်း၊ (၂) ပိဋကတ်(စာသင်တိုက်)ကျောင်း (၃) မင်္ဂလာ နောင်ကွတ်ကျောင်း၊ (၄) စွန်းလွန်းကမ္မဋ္ဌာန်းကျောင်း၊ (၅) ဝါးတောကျောင်း၊ (၆) မင်္ဂလာ ဝမ်အဲင်န်ကျောင်းနှင့် (၇) မူလမင်းကွန်းကမ္မဋ္ဌာန်းဟူ၍ ဖြစ်ပါသည်။ ၎င်းတို့အနက် မူလမင်းကွန်းကမ္မဋ္ဌာန်းကျောင်းသည် အလွန်ကျယ်ပြန့်ကာ မြို့ပြင်တွင်ရှိသည်ကတစ်ကြောင်းကြောင့် အထူးဆိတ်ငြိမ်ပြီး ဝါတွင်းသုံးလပတ်လုံး၊ တရားဘာဝနာစီးဖြန်းရန်အကောင်းဆုံးနေရာလည်းဖြစ်ပါသည်။ အထက်ပါကျောင်းများတွင်လည်း ဝါတွင်းကာလတွင် မဟာစည်၊ မိုးကုတ်ဝိပဿနာ၊ ကမ္မဋ္ဌာန်း တရားစခန်းများဖွင့်လှစ်ကာ နှစ်စဉ်ရပ်နီး၊ ရပ်ဝေးမှ တရားလာရောက်အားထုတ်သူများဖြင့် စည်ကားလျက်ရှိပါသည်။

သျှမ်းပြည်တွင်နာမည်အကြီးဆုံး၊ လူကြိုက်အများဆုံး သျှမ်းအငြိမ့်ဇာတ်သဘင်ဆိုလျှင်လည်း ပင်လုံမြို့မှဖြစ်၏။ အရည်အချင်းရှိ နာမည်ကြီး ဇာတ်သဘင်အငြိမ့်မင်းသမီးမင်းသားများ မွေးထုတ်ပေးရာနေရာလည်းဖြစ်သည်။

ပင်လုံမြို့၏ အဓိကထွက်ကုန်မှာ သနပ်ဖက်နှင့် လက်ဖက်ခြောက်များဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးပိုင်းတွင် အဓိကအားဖြင့် ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး ကျန်သီးနှံများကိုလည်း ရာသီအလိုက်စိုက်ပျိုးကြပါသည်။ မွေးမြူရေးပိုင်းတွင် ကြက်၊ ဝက်များကိုလည်း အိမ်တွင်းတစ်နိုင် မွေးမြူကြပါသည်။

ပင်လုံမြို့တွင်းရှိလူအများစုမှာ ရိုးသားစွာ လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်ကြပါသည်။ အလုပ်အကိုင်များမှာ – လက်ဖက်

## ...က်ပွဲ

*သျှမ်းသံတော်ဆင့်သတင်းအေဂျင်စီ ဦးခွန်စိုင်းကို ဆက်သွယ်မေးမြန်းရာမှာတော့ အခုလိုပြောပြပါတယ်။ "SSA-S ဘက်က ပြောပြချက်အရ နအဖလက်အောက်ခံ မိုင်းဆတ်မြို့နယ်ပူနားကို ပြည်သူ့စစ်အဖွဲ့ရဲ့ ဟီးရိုးအင်းတချို့ထိုင်းထဲခိုးသွင်းမဲ့ အစီအစဉ်ကို သတင်းအတိအကျရလို့ လမ်းမှာစောင့်နေတယ်။ ညနေ ၄ နာရီလောက်မှာ ပူနားကိုအဖွဲ့တင်မကဘူး။ ခမရ ၅၂၆၊ ၃၁၁ လဲပါလာလို့ မမျှော်လင့်ဘဲ တိုက်ပွဲဖြစ်ရတာ ၃ နာရီလောက်ကြာတယ်လို့ ပြောပါတယ်။"*

ပူနားကို ပြည်သူ့စစ်အဖွဲ့က ထိုင်းထဲဘိန်းဖြူသွင်းဘို့ သယ်ဆောင်လာတာကို သတင်းရတဲ့အတွက် လမ်းမှာစောင့်ပြီး တိုက်ခိုက်ရာမှာ ပြည်သူ့စစ်တွေနဲ့အတူပါလာတဲ့ နအဖတပ်တွေနဲ့ပါ ရင်ဆိုင်တိုက်ခိုက်ရတာဖြစ်တယ်လို့ သျှမ်းသံတော်ဆင့်သတင်းဌာနက သတင်းရေးပါတယ်။
DVB (25/4/06)

SSA-S သျှမ်းတပ်ကဖြစ်စေ၊ နအဖစစ်အစိုးရတပ်ကဖြစ်စေ ထိုင်းနယ်မြေထဲကျော်ဝင်လာရင် ပြန်တိုက်ထုတ်နိုင်ဘို့အတွက် ထိုင်းစစ်တပ်က သူ့တပ်ဖွဲ့တွေကို စုစည်းထားကြောင်း ဘန်ကောက်ပို့စ်သတင်းစာကရေးပါတယ်။ ၂၁၊ ၄၊ ဝ၆ နေ့က ဘိန်းဖြူကီလို ၂၀၀ သယ်ဆောင်လာတဲ့ မူးယစ်မှောင်ခိုဂိုဏ်းတွေနဲ့ SSA-S တပ်ဖွဲ့ကြား ၃ နာရီကြာတိုက်ပွဲဖြစ်တယ်။ ကျည်ဆံ၊ ဗုံးဆံတချို့ထိုင်းနယ်မြေထဲကျလာပေမဲ့ ထိုင်းရွာသားတွေ ဒဏ်ရာရတာမရှိဘူးလို့ဆိုပါတယ်။

မူးယစ်မှောင်ခိုဂိုဏ်းတွေဟာ SSA-S ဗဟိုနဲ့အလွန်နီးရာ လမ်းကြောင်းကို အသုံးပြုနေတဲ့အတွက် ထိုင်းအစိုးရက SSA-S ကို ဘိန်းမှောင်ခိုလုပ်ငန်းမှာ ပါဝင်တယ်လို့ အထင်မှားမှုတွေ မကြာခဏရှိကြောင်း။ ဒါဟာ SSA-S ရဲ့သိက္ခာကို ထိခိုက်စေကြောင်း၊ ဒါကြောင့် အခုလိုမူးယစ်မှောင်ခိုဂိုဏ်းကို တိုက်ခိုက်ရတာဖြစ်ကြောင်း SSA-S တပ်မှူးတဦးဖြစ်တဲ့ ဒု–ဗမကကွဏ်းဂျင့်က ပြောဆိုပါတယ်။ ဒါ့အပြင် ဒီမူးယစ်မှောင်ခိုဂိုဏ်းဟာ SSA-S အခြေစိုက်စခန်းကို အကြိမ်ပေါင်းများစွာတိုက်ခဲ့ကြောင်း။ ဒါပေမဲ့ ဒေသခံဗမာစစ်တပ်ဖွဲ့တဖွဲ့က ဒီမူးယစ်မှောင်ခိုဂိုဏ်းကို နောက်ကနေပံ့ပိုးပေးနေကြောင်း SSA-S တပ်မှူးက စွပ်စွဲထားပါတယ်။ ၂၁၊ ၄၊ ဝ၆ နေ့မှာတော့ မူးယစ်မှောင်ခိုဂိုဏ်းဝင် ၄ ယောက်ရဲ့အလောင်းတွေကိုတွေ့ရတယ်လို့ သူကဘဲဆက်ပြောပါတယ်။
RFA (25/4/06)



INDP 224 BUR.PMD 29 24/05/2006, 12:18 PM

ပွဲစား၊ သနပ်ဖက်ပွဲစား၊ ကုန်သည်ပွဲစား၊ အစားအသောက်နှင့် ဆေးဝါး ပစ္စည်းဆိုင်ရာ အရောင်းအဝယ်များကို လုပ်ကိုင်ကြပါသည်။

ပင်လုံမြို့တွင်းရှိ စာသင်ကျောင်းများမှာ အထက်တန်းကျောင်း (၁)ကျောင်း၊ အလယ်တန်းကျောင်း (၂)ကျောင်း၊ မူလတန်းကျောင်း(၆) ကျောင်းနှင့် တရုတ်စာသင်ကျောင်းတစ်ကျောင်းရှိပါသည်။ ၂၀၀၀ ခုနှစ် နောက်ပိုင်းတွင် အစိုးရမှသမိုင်းဝင်မြို့ဖြစ်သော ပင်လုံနာမည်ဖြင့်–ပင်လုံ မြို့ပြင်(မြောက်ဘက်)တွင် ပင်လုံတက္ကသိုလ်၊ ပင်လုံနှင့်လွိုင်လင်ကြား ပင်လုံကွန်ပျူတာကောလိပ်၊ လွိုင်လင်အထွက် (နမ့်စန်သွားလမ်း)တွင် ပင်လုံနည်းပညာကောလိပ်ဟူ၍ ဗိုလ်ချုပ်ကြီးခင်ညွန့်လက်ထက်က စာသင်ကျောင်းများတို့ချဲ့တည်ဆောက်ဖွင့်လှစ်စေခဲ့ပါသည်။

ကျောင်းများဖွင့်လှစ်ထားရှိသည်မှန်သော်လည်း အဆိုပါကျောင်း များစွာတွင် ဆရာ/မများပြည့်စုံလုံလောက်မှုရှိမရှိ၊ တက်ရောက်သင် ကြားကြသည့် ကျောင်းသားဦးရေမည်မျှရှိသည်၊ ခေတ်နှင့်အညီပညာ အရည်အချင်းပြည့်ဝမှုရှိမရှိဆိုသည်ကိုတော့ ကိုယ်တွေ့ကြုံဖူးသူတို့သာ အသိဆုံးဖြစ်ပေမည်။

ပင်လုံမြို့လယ်တွင်းရှိ တိုးချဲ့တည်ဆောက်ထားသော ကျောက် တိုင်ဝင်းကြီး၏အဝင်တွင် အမြင့် ၁၃၅ တောင်ရှိ ရွှေတိဂုံပုံတူစေတီတော် ကို လွန်ခဲ့သော ၂၀၀၀ ခုနှစ်နောက်ပိုင်းမှစ၍ ငါးနှစ်စီမံကိန်းဖြင့် တည်ဆောက်လျက်ရှိပေသည်။ ထိုစေတီတော်သည် တိုင်းရင်းသား လူမျိုးများသဘောတူလက်မှတ်ရေးထိုးခဲ့သည့် သမိုင်းဝင်ကျောက်တိုင် အမှတ်အသားကို တိမ်မြုပ်ပျောက်ကွယ်သွားစေလိုသောဆန္ဒဖြင့် စစ် အစိုးရမှ စေတီကိုရှေ့မှာကာဆီး၍ တည်စေခြင်းဖြစ်မည်ဟုလည်း ကောလဟာလသတင်းများထွက်လျက်ရှိပေသည်။ ကျောက်တိုင်ကွင်း ၏အရှေ့ဘက်တွင် AT တပ်ခေါ် တိရိစ္ဆာန်ဝန်တင် တပ်(မြင်းလားတပ်) ရှိသည်။ သို့သော် ယခုအခါ နာမည်သာကျန်ပြီး ယခင်ကကဲ့သို့လား ကောင်ရေ ရာနှင့်ချီမရှိတော့ဘဲ ဆယ်ဂဏန်းသာရှိတော့၏။ ပင်လုံမြောက်ပိုင်းမြို့ပြင်အထွက် လိုင်းခ(လဲချား)သွားလမ်းအနီးရှိ သမိုင်းဝင်ဂဏန်း ၁၀၁ ကောင်စားမင်းသမီးမြို့တော် (ဝိန်းနန်းကင်ပူ) အမည်တွင် နောင်မိန်းရွာအနီး၌ ခမရ ၅၁၃ တပ်ရင်းရုံးစိုက်ခဲ့သဖြင့် ကျေးလက်လူထုပိုင်လယ်ယာခြံမြေကေပေါင်းများစွာ အသိမ်းခံခဲ့ ရသည်။ လား/မြည်းတို့ကို ဝန်တင်တပ်မှ စစ်အာဏာပိုင်တို့က ဘိန်း ကုန်သည်တရုတ်လောပန်းများထံ ခိုးရောင်းခဲ့ကြသည်ဟု ပြောစမှတ်ပြု ကြ၏။ လွန်ခဲ့သော ၁၀ နှစ်ကျော်မှစ၍ နဝတ/နအဖစစ်တပ်များ တိုးချဲ့ အခြေစိုက်လာသဖြင့် ပင်လုံမြို့သူမြို့သားများ စိတ်ကသိကအောင့် ဖြစ် ကြရသည်။

ပင်လုံမြို့နှင့်စပ်လျဉ်းသည့် သမိုင်းကြောင်းကိုပြန်ပြောင်းလေ့လာ လျှင် ပင်လုံစာချုပ်ဖြစ်ပေါ်လာရေးအတွက် ၁၉၄၆ ခု ဖေဖော်ဝါရီလ ၂၆– ၂၈ ရက်တွင် ပထမပင်လုံညီလာခံပြုလုပ်ခဲ့သည်။ ၁၉၄၇ – ဖေဖော်ဝါရီ လတွင် ဒုတိယပင်လုံညီလာခံ ကျင်းပခဲ့သည်။

လက်ရှိပြည်ထောင်စုကြီးဖြစ်ပေါ်လာပုံတွင် ပြည်ထောင်စုသား တိုင်း မမေ့သင့်မမေ့ထိုက်သောအချက်မှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ တွင် ကျင်းပခဲ့သော ပင်လုံညီလာခံကြီးပင်ဖြစ်ပါသည်။ ထိုပင်လုံညီလာ ခံကြီးသည် ယနေ့ပြည်ထောင်စုကြီးကို ပေါက်ဖွားလာစေရန် အုတ်မြစ် ချခဲ့သော ညီလာခံကြီးဟု ဆိုနိုင်ပါသည်။

၁၉၄၇ ခု ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် "ပင်လုံစာချုပ်" ချုပ်ဆို ခဲ့ကြသည်။ ထိုသို့မချုပ်ဆိုနိုင်မီ ပင်လုံညီလာခံကြီး ညှိနှိုင်းဆွေးနွေးခဲ့ ကြသည်များကို အကျဉ်းချုပ်ဖော်ပြရမည်ဆိုပါက လွတ်လပ်ရေး တောင်းဆိုရာတွင် ညီညွတ်မှုရှိရန် အထူးအရေးကြီးသည့်အတွက် ပြည်မနှင့်ကျန်သည့်ပြည်နယ်များသည် ပြည်နယ်များတန်းတူညီမျှမှု အတွက်ညှိနှိုင်းပြီး ညီညွတ်ရေးတည်ဆောက်ရမည်ဖြစ်သည်။ ထိုသို့ တည်ဆောက်ရာတွင်–

(၁) တန်းတူညီမျှအခွင့်အရေးရှိခြင်း၊
(၂) တောင်တန်းဒေသများတွင် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိခြင်း၊
(၃) လွတ်လပ်ရေးရရှိပြီးသည့်နောက် ပြည်ထောင်စုကခွဲထွက်လိုက ခွဲထွက်နိုင်ခြင်း၊

စသည့် အခြေခံတရားသုံးရပ်အပေါ် အဓိကထားပြီး ပြည်ထောင်စု တည်ဆောက်ရေးကို သဘောတူခဲ့ကြခြင်းဖြစ်ပါသည်။

ထိုအခြေခံသုံးရပ်ကို သဘောတူခဲ့ကြခြင်းကြောင့် ကမ္ဘာကျော် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ချုပ်ဆိုခဲ့ပြီးနောက် **(Mr. Rees William)** ခေါင်းဆောင်ပြီး၊ ပြည်မပြည်နယ်ခေါင်းဆောင်များ ပါဝင်သည့် စုံစမ်းရေးကော်မတီတွင် အထက်ပါအခြေခံ "မူ" သုံးရပ် အတိုင်း၊ ပြည်မနှင့်ပူးပေါင်း ဆောင်ရွက်ဖို့တညီတညွတ်တည်းလည်း သက်သေခံခဲ့ပါသည်။

ထိုသို့တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် နယ်ချဲ့သမား၏ သွေးခွဲရေးလုပ်ငန်းမှာ ပျက်ပြယ်သွားပြီး၊ မြန်မာပြည် ၏လွတ်လပ်ရေး ကမ္ဘာသို့အမြန်ဆုံး ကြေငြာနိုင်ခဲ့ခြင်းဖြစ်သည်။

ဤသည်မှာ ပင်လုံညီလာခံမှ စတင်ခဲ့သော ပင်လုံမြို့အကြောင်း တစိတ်တစ်ဒေသကို ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ စစ်မှန်သော "ပြည်ထောင်စုစစ်စစ်" ဟုတ်မဟုတ် လွတ်လပ်ရေးရပြီးနောက် ယခုအချိန်ထိ ဝေဖန်ဆန်းစစ်လေ့လာသိရှိနိုင်ပါသည်။

---

နန်းရဲန်ဆိုင် (ပင်လုံ)
၂၂း၀၀ နာရီ
၈၊ ၇၊ ၀၅


– မှီငြမ်းကိုးကားသော စာအုပ်
–ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့်စိုင်းမော(န်) စုဆောင်း တင်ပြသည့် "ပြည်ထောင်စုစစ်စစ်မူ" Series No.9 2005
–ဦးထွန်းမြင့် (တောင်ကြီး) ရေးသားပြုစုသည့် "ရှမ်းပြည်ဘယ်လဲ"





INDP 224 BUR.PMD 30 24/05/2006, 12:18 PM

# အပစ်ရပ်ကချင်တစ်ထွင်း အပြောင်းအလဲ

နအဖနဲ့အပစ်ရပ်ထားတဲ့ KIO ကချင်လွတ်လပ်ရေးအဖွဲ့အတွင်း ခေါင်းဆောင်ရာထူး ပြောင်းလဲမှုတချို့ပြုလုပ်ခဲ့တဲ့အပြင် ဗဟိုကော်မတီဝင်အသစ် တချို့လဲတိုးချဲ့ဖွဲ့စည်းခဲ့တယ်လို့ ကချင်သတင်းရပ်ကွက်က ဆိုပါတယ်။ အဲဒီနောက်ပိုင်း မကြာမီရက်ပိုင်းအတွင်းသျှမ်းပြည် မြောက်ပိုင်းဘက် တာဝန်ကျနေတဲ့ KIO တပ်ဖွဲ့ဝင်တချို့ကို ကွတ်ခိုင်အခြေစိုက် စစ်ဗျူဟာမှူးစံရွှေသာဦးဆောင်တဲ့ နအဖတပ်ဖွဲ့က ဖမ်းဆီးလိုက်ပါတယ်။

ဧပြီလဆန်းပိုင်းလောက်က KIO ခေါင်းဆောင်ပိုင်းအများစု နေထိုင်တဲ့ လိုင်ဇာဌာနချုပ် တရုတ်နယ်စပ်မြို့မှာ လူထုအစည်းအဝေး၊ ကချင်အမျိုးသား အတိုင်ပင်ခံအစည်းအဝေး၊ KIO ဗဟိုကော်မတီ အစည်းအဝေး အတော်များများလုပ်ပြီး နောက်ပိုင်းမှာ ဗဟိုရာထူး အပြောင်းအလဲတွေလုပ်လာတာ ဖြစ်ပါတယ်။

*KIO ပြောခွင့်ရပုဂ္ဂိုလ် နိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးဗရန်နန်က "အပြောင်းအလဲ တချို့ရှိတယ်။ ဥက္ကဋ္ဌကတော့ နဂိုအတိုင်းပါဘဲ။ ဗဟိုကော်မတီက မချိန်းပါဘူး။ ဒု-စစ်ဦးစီးချုပ်ဗိုလ်ချုပ်ဇွမ်ဘုတ်ထန် နေရာကို ဗိုလ်မှူးကြီးဇော်နန်က အစားထိုးပြီး G.1 ကြီးလဲကိုင်ပါတယ်။ သူ့ရဲ့ G.1 ကြီးနေရာကို ဗိုလ်မှူးကြီးခေါင်(န်)လွန်းက တာဝန်ယူပါတယ်။"လို့ ပြောပြပါတယ်။*

ပထမစစ်ဦးစီးချုပ်ကတော့ ဗိုလ်မှူးကြီး ဂမ်ရှောင်န်ဘဲဖြစ်ပါတယ်။ ကေအိုင်အိုရဲ့ လက်ရှိဥက္ကဋ္ဌကတော့ ဗိုလ်ချုပ်လမိုင်တူးဂျိုင်၊ ဒုဥက္ကဋ္ဌဒေါက်တာတူးဂျာ၊ ဗိုလ်ချုပ်အမ်ဗန်လ၊ ဂေါရီဇော်ဆိုင်းတို့ဖြစ်ပြီး၊ အထွေထွေအတွင်းရေးမှူးကတော့ ဒေါက်တာလဂျာဖြစ်ပါတယ်။ ထိပ်တန်း ဗဟိုကော်မတီတွေကိုတော့ ရာထူးအပြောင်းအလဲလုပ်တာမရှိဘဲ ဗဟိုကော်မတီ ၉ ယောက်အစားထိုးခန့်အပ်တာတွေရှိတယ်လို့ ပြောပါတယ်။

> **"တက်လူငယ်တွေ၊ လူလတ်ပိုင်းတွေကို နေရာပေးတဲ့သဘောဖြစ်ပါတယ်၊၊ တပ်မတော်အမြဲတမ်းနုပျို ရမယ်ဆိုတော့ အသက်ကြီးတဲ့လူတွေက**
>
> **၂၊ ၁၊ ၀၆ ရက်နေ့က KIO တပ်ဖွဲ့ဝင် ၆ ယောက်ကို နအဖ-ခလရ ၆၈ ကလူများလို့ဆိုပြီးပစ်သတ်ခဲ့တယ်**
>
> **နအဖစစ်အစိုးရက KIA တပ်မဟာ ၄ ကို လက်ရှိနယ်မြေကနေ မောင်းထုတ်ဘို့ အကွက်ဆင်နေတာ"**

နောက်ထပ်တိုးတဲ့ ဗဟိုကော်မတီတွေထဲမှာ စစ်ရေးနဲ့ပတ်သက်သူတွေလဲပါတယ်လို့ သိရပါတယ်။ "တက်လူငယ်တွေ၊ လူလတ်ပိုင်းတွေကို နေရာပေးတဲ့သဘောဖြစ်ပါတယ်။ တပ်မတော်အမြဲတမ်းနုပျိုရမယ်ဆိုတော့ အသက်ကြီးတဲ့လူတွေက ဝန်ကြီးဌာနတွေဆီ ပြောင်းသွားတာပေါ့။ ကျနော်တို့တပ်ရဲ့ structure ထဲမှာ အချိန်းအချက်တွေလောက်ပဲရှိပါတယ်။ တခြားမူဝါဒပေါ်လစီတွေပြောင်းလဲတာ ဘာမှမရှိပါဘူး။" ဗမက မဂုန်နန်ပြောပြတာပါ။

KIO အတွင်းနေရာအပြောင်းအလဲနဲ့ ဗဟိုကော်မတီထပ်တိုးဖွဲ့စည်းတာနဲ့ပတ်သက်ပြီး တရုတ်နယ်စပ်စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက - *"ဒီလိုလုပ်တာ ကျနော့်တဦးတည်းအမြင်အရကော၊ ဒေသခံလူထုအမြင်အရရော KIO ရဲ့ပိုမိုတောင့်တင်းကြံ့ခိုင်တဲ့ ခေါင်းဆောင်စုစည်းမှုဖြစ်လာတယ်လို့ မြင်ပါတယ်။ အခုကကတော့ ဗဟိုကော်မတီထဲမှာ လူငယ်တွေတိုးလာတယ်။ တပ်ကိုကိုင်ပြီး အခုက လုပ်ရှားနေတဲ့ တပ်မဟာမှူး ၃ ယောက်လဲ ဗဟို ကော်မတီဝင်ဖြစ်လာတယ်။ ဗဟိုကော်မတီကနေ တပ်ကိုဘဲအမိန့်ပေးနေတာထက် ဗဟိုကော်မတီထဲတပ်ကလူတွေပါလာတာ ကောင်းတဲ့ကိစ္စဘဲဖြစ်တယ်လို့ ယူဆပါတယ်။"*-လို့ပြောပါတယ်။

KIO အတွင်းဗဟိုကော်မတီထပ်မံတိုးချဲ့ဖွဲ့စည်းတဲ့၊ စစ်ရေးနဲ့ဆိုင်တဲ့ ရာထူးအချို့အပြောင်းအလဲလုပ်တာတွေဟာ ၁၇၊ ၄၊ ၂၀၀၆ နေ့ကဖြစ်ပါတယ်။ မကြာခင် ၂၄၊ ၄၊ ၀၆ ကျတော့ ကွတ်ခိုင်မြို့နယ်အတွင်းမှာရှိတဲ့ KIO တပ်မဟာ ၄ က တပ်ဖွဲ့ဝင်တချို့ကို နအဖတပ်က ဖမ်းဆီးသွားတယ်လို့ သတင်းထွက်နေပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး KIO သုတေသနနဲ့မဟာဗျူဟာလေ့လာရေးဌာနက ဗိုလ်မှူးဂွမ်မော်က *"ဟုတ်တယ်။ ထိန်းသိမ်းသွားတယ်လို့ ပြောတယ်။ ဘိန်းခင်းတွေ လိုက်ကြည့်ရင်းနဲ့ ကျနော်တို့အဖွဲ့သားတွေကို ခေါ်သွားတယ်။ ၁၄ ယောက်လို့ပြောတယ်။ တနေရာထဲစုပြီး နေတဲ့အဖွဲ့မဟုတ်ဘူး။"*

KIO လူသူလက်နက်ကိုဖမ်းသွားတာက ကွတ်ခိုင်အခြေစိုက် ခလရ ၄၅ လဲပါတယ်လို့ဆိုပါတယ်။ အဲဒီထဲမှာ အရာရှိတယောက်လဲပါသွားပြီး ဒီကိစ္စနဲ့ပတ်သက်လို့ အရှေ့မြောက်ပိုင်းစစ်တိုင်းရုံးကို အကြောင်းကြားထားတယ်လို့ဆိုပါတယ်။

အခုနှစ်အစောပိုင်း ၂၊ ၁၊ ၀၆ ရက်နေ့ကလဲ KIO တပ်ဖွဲ့ဝင် ၆ ယောက်ကို နအဖ-ခလရ ၆၈ ကလူမှားလို့ဆိုပြီးပစ်သတ်ခဲ့ပါတယ်။ အဲဒီကိစ္စတုံးက KIO ဒု-ဥက္ကဋ္ဌ ဒေါက်တာတူးဂျာဦးဆောင်တဲ့အဖွဲ့ နအဖ ညောင်နှစ်ပင် ညီလာခံတက်နေတဲ့အချိန် ဖြစ်ပါတယ်။ နိုင်ငံတကာရောက် ကချင်တိုင်းရင်းသားတွေက ကန့်ကွက်ဆန္ဒပြတောင်းဆိုတာတွေရှိခဲ့ပေမဲ့ ယခုချိန်အထိနအဖကလူသိရှင်ကြား ဖြေရှင်းပေးတာတွေမရှိသေးဘူးလို့ ကချင်အမျိုးသားတယောက်က ပြောပါတယ်။

KIA ဟာ သျှမ်းပြည်ထဲနေရာရနိုင်ဘို့အတွက် တချိန်က'ဝ' တို့၊ သျှမ်းတို့နဲ့ လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ပြီး ၁၉၇၆ မှာ ဝ နဲ့ညီညွတ်ရေးတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ စစ်ရေးလေ့လာသူတွေရဲ့ အမြင်ကတော့ နအဖစစ်အစိုးရက KIA တပ်မဟာ ၄ ကို လက်ရှိနယ်မြေကနေ မောင်းထုတ်ဘို့ အကွက်ဆင်နေတာလို့ ယုံကြည်နေပါတယ်။

KIO နဲ့နအဖတို့ဟာ ၁၉၉၄ ကတည်းက အပစ်ရပ်ခဲ့ကြပြီး ၁၀ နှစ်ကျော်လာခဲ့ပေမဲ့ ဒီနှစ်ဆန်းပိုင်းကစပြီး နအဖတပ်က KIO တပ်ဖွဲ့ဝင်တွေကို သတ်ပစ်တာတွေ၊ မကြာခဏဖမ်းဆီးတာတွေလုပ်လာလို့ ၂၀၀၆ နှစ်ဟာ KIO နဲ့နအဖအကြား ဆက်ဆံရေးထူးခြားတဲ့နှစ်ဖြစ်နေတယ်လို့ နိုင်ငံရေးလေ့လာသူတွေက သုံးသပ်နေကြပါတယ်။

RFA ဦးရဲထက် (၂၆၊ ၄၊ ၀၆)

# အ ပြော ကျယ် ပေ မယ့် တာ မ သွား

ယနေ့ကမ္ဘာကြီးဟာ စစ်အေးလွန်ကာလနဲ့ငြိမ်းချမ်းရေးတိုက်ပွဲကာလ၊ ဒီမိုကရေစီဖော်ဆောင်ရေးကာလဖြစ်ပြီး လက်နက်ကိုင်တိုက်ပွဲတွေကို ကမ္ဘာ့ကုလသမဂ္ဂနဲ့နိုင်ငံတကာကလက်မခံတော့ဘူးလို့ ဒီမိုကရေစီဖော်ဆောင်နိုင်ရေးနဲ့ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ တော်လှန်ရေးခေါင်းဆောင်အများစုတို့ ပြောဆိုသုံးနှုန်းကျင့်သုံးလာကြတာတွေ့ရပါတယ်။ KNU နဲ့ SSA (တောင်ပိုင်း) လို လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းနဲ့ တချို့လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေကလွဲလို့ တော်လှန်ရေးအဖွဲ့အစည်းအများစုတို့ဟာ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးနိုင်ဖို့ ထက်ကိုယ့်ကံကြမ္မာကို သူများအပေါ် ပုံအပ်၊ သူများကိုအားကိုးလာတာတွေ စိတ်မကောင်းစွာတွေ့မြင်လာရပါပြီ။

တိုးတက်နေတဲ့ခေတ်ကြီးမှာ သတင်း–မီဒီယာတွေရဲ့အရေးပါမှုကို ကျနော်လက်ခံပါတယ်။ မိမိတို့ရဲ့တိုက်ပွဲဝင်မှုကို မီဒီယာကတဆင့် သတင်းတွေထုတ်လွှင့်ဖော်ပြပြီးပြည်သူကို စည်းရုံးနိုင်ဖို့က အရေးကြီးပါတယ်။ တချို့လူတွေက သတင်းမီဒီယာလွတ်လပ်မှုအတွက်တိုက်ပွဲဝင်နေကြတယ်ဆိုပေမယ့်မိမိတို့မကောင်းကြောင်း၊ မိမိတို့ရဲ့ဟာကွက်တွေအပေါ် ထောက်ပြဝေဖန်တာတွေကို ခံနိုင်ရည်မရှိကြသေးပါဘူး။ ဒီထဲမှာ တော်လှန်ရေးခေါင်းဆောင်တချို့နဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်ပံ့ပိုးကူညီနေကြတဲ့ NGO တချို့လည်းပါဝင်ပါတယ်။ ဒီထဲမှာ NGO ကိုမှီခို ပြီးဝင်းတို့အကြိုက်လုပ်ပေးနေတဲ့သူတွေလဲပါဝင်နေတာ တွေ့မြင်နေရပါတယ်။

**တချို့လူတွေက သတင်းမီဒီယာလွတ်လပ်မှုအတွက်
တိုက်ပွဲဝင်နေကြတယ်ဆိုပေမယ့် မိမိတို့မကောင်းကြောင်း၊
မိမိတို့ရဲ့ဟာကွက်တွေအပေါ် ထောက်ပြဝေဖန်တာတွေကို
ခံနိုင်ရည်မရှိကြသေးပါဘူး**

**NGO ရဲ့အကူအညီဟာ တကယ်လိုလိုလားလား
လုပ်ချင်ကြတဲ့သူတွေလက်ထဲ၊
တော်လှန်သမားကောင်းတွေရဲ့ လက်ထဲရောက်ဖို့
လိုအပ်ပါတယ်**

ကမ္ဘာကြီးနဲ့ကမ္ဘာ့နိုင်ငံရေး အခြေအနေဟာ အမြဲတမ်းပြောင်းလဲနေလို့၊ မိမိတို့တော်လှန်ရေးလည်းကမ္ဘာ့ခေတ်ရေးစီးကြောင်းအတိုင်း လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲဖို့လိုအပ်တယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲရေးအတွက်ကိုယ့်ကံကြမ္မာကို ဖန်တီးနိုင်ဖို့မဟာဗျူဟာ၊ နည်းဗျူဟာနဲ့လုပ်ငန်းစဉ်တွေ ချမှတ်အကောင်အထည်ဖော်တဲ့အခါ ကိုယ်တိုင်ကိုယ်ကျဖန်တီးနိုင်စွမ်းရှိတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာနဲ့လုပ်ငန်းစဉ်တွေဖြစ်ဖို့ အရေးကြီးပါတယ်။ ကိုယ့်ရဲ့လုပ်နိုင်စွမ်းကိုပင်မနေနဲ့ချမှတ်ပြီး နိုင်ငံတကာပံ့ပိုးကူညီမှုနဲ့ နအဖရဲ့သဘောတူညီမှုကို လက်အောက်ခံအဖြစ်ထားဖို့လိုအပ်ပါတယ်။ မဟုတ်ရင်ရွှေပြည်တော် မျှော်တိုင်းဝေးအဖြစ်နဲ့ကြုံတွေ့ရမှာ သေချာပါတယ်။

ယနေ့တော်လှန်ရေးမှာ သတင်းမီဒီယာတွေဟာ အရေးပါအရာရောက်လာပါတယ်။ ပြည်တွင်းပြည်ပမှာဖြစ်ပေါ်နေတဲ့ သတင်းတွေကို သက်ဆိုင်ရာသတင်းဌာနနဲ့စာနယ်ဇင်းတွေက မှန်မှန်နဲ့မြန်မြန်ဆန်ဆန်ဖော်ပြလာနိုင်တာတွေ့ရပါတယ်။ သတင်းအများစုဟာ နအဖရဲ့လူ့အခွင့်အရေးအချိုးဖောက်မှုနဲ့ နအဖမကောင်းကြောင်းတွေဘဲဖြစ်နေပြီး မိမိတို့ရဲ့တော်လှန်ရေးအင်အားစုရဲ့ ချို့ယွင်းအားနည်းချက်သတင်းတွေမပါသလောက်ဖြစ်နေတာကို တွေ့မြင်ရပါတယ်။ ဒီနေ့လို သတင်းမီဒီယာလွတ်လပ်မှုအားနည်းရင် အချောင်သမားတွေနဲ့ စီးပွားရေးစားကျက်ရှာ NGO တွေတော်လှန်ရေးအပေါ် လွှမ်းမိုးဖို့ အခွင့်အလမ်းပိုရှိတာကိုတွေ့ရမှာပါ။ တစ်ချို့ခေါင်းဆောင်တွေဟာ တော်လှန်ရေးလုပ်ကြတယ်ဆိုပေမယ့် ကိုယ်နဲ့ကိုယ့်မိသားစုကောင်းစားရေးကိုဘဲဦးစားပေးလုပ်ဆောင်နေတာကြောင့် အဖွဲ့အစည်းလုပ်ငန်းလည်ပတ်မှုနှေးကွေးလာတာတွေ၊ တော်လှန်ရေးလမ်းကြောင်းက သွေဖီလာတာတွေတွေ့မြင်ရပါတယ်၊ NGO အဖွဲ့တွေရဲ့အကူအညီအထောက်အပံ့ယူပြီး လုပ်ငန်းစဉ်အကောင်အထည်ဖေါ်တဲ့နေရာမှာလည်း NGO တွေကြိုးကိုင်သလို ကရတာမြင်နေရတယ်။ မိမိတို့ လုပ်ဆောင်မှုအားလုံး NGO အဖွဲ့အစည်းတွေအသေးစိတ်အစီရင်ခံရလို့ ရတဲ့ငွေနဲ့လုပ်ငန်းထိရောက်မှုနှိုင်းယှဉ်လိုက်ရင် NGO တွေကို ဆရာတင်သလို ဖြစ်နေတာလည်းတွေ့ရပါတယ်။ NGO တွေအပေါ် ဒီလိုစောဒကတက်တာက NGO တွေရဲ့ကူညီထောက်ပံ့ကို ငြင်းပယ်ဖို့မဟုတ်ပါဘူး။ မိမိတို့ရဲ့ရည်မှန်းချက်အတွက် မိမိတို့ဘာသာ လိုအင်ဆန္ဒဖြည့်ဆည်းသူတွေဖြစ်တာမို့ NGO တွေရဲ့လိုအင်ဆန္ဒကိုဖြည့်ဆည်းသူတွေမဖြစ်သွားအောင်ရှောင်ကြည်ဖို့ တိုက်တွန်းနိုးဆော်တာဖြစ်ပါတယ်။

NGO တွေလည်း သူတို့ထောက်ပံ့ကူညီတာအောင်မြင်မှုမရှိတာတွေမြင်မိတာနဲ့ သူတို့ချမှတ်တဲ့လုပ်ငန်းစဉ်တွေ လွဲချော်တာကိုတော့



INDP 224 BUR.PMD 32 24/05/2006, 12:18 PM

ဝန်မခံချင်ဘဲ အကူအညီယူတဲ့အဖွဲ့အစည်းတွေကိုဘဲ အပြစ်ပုံချင်တာတွေ့ရပါတယ်။ NGO အများစုဟာ ဟုတ်ကဲ့ခေါင်းငြိမ့်တတ်တဲ့ ပုတ်သင်ညိုတွေကိုဘဲ သဘောကျလက်ခံကူညီပြီး တော်လှန်ရေးဘောင်ထဲ မှန်ကန်စွာ ရပ်တည်တိုက်ပွဲဝင်တဲ့သူတွေကိုတော့ အမြင်ကျဉ်းမြောင်းတဲ့သူတွေ ခေတ်မမီသူတွေအဖြစ်မှတ်ယူ ပြစ်တင်ပုတ်ခတ်လေ့ရှိပါတယ်။ ဒီကြားထဲမိမိတို့ရပ်တည်ရေးစားဝတ်နေရေးအတွက်တချို့လူတွေက အကြံကုန်ဂဠုန်ဆားချက်ဆိုသလို အဖွဲ့လေးတွေဖွဲ့စည်းပြီး NGO တွေဆီက အကူအညီရအောင် NGO နှစ်သက်တဲ့ Project Proposal တွေတွေ့တာနဲ့ချက်ချင်းငွေထုတ်ပေးတာတွေရှိပါတယ်။ ဒါပေမဲ့ လုပ်ငန်းအောင်မြင်မှုမရှိဘဲငွေကြေးအလဟာသဆုံးရှုံးသွားတတ်ပါတယ်။ NGO တွေရဲ့သုံးသပ်မှုက ဒီလုပ်ငန်းအကောင်အထည်ဖော်တဲ့လူတွေ အရည်အချင်းမပြည့်မီဘူးလို့ဆိုတယ်။ သူတို့ကိုသင်တန်းပေးပြီး အရည်အချင်းတွေဖြည့်ဆည်းပေးကြည့်ပါတယ်။ ဒါပေမဲ့ အချည်းနှီးပါဘဲ။ အကြောင်းကတော့ လုပ်ငန်းအကောင်အထည်ဖော်တဲ့သူတွေဟာ လုပ်ငန်းအပေါ်ယုံကြည်ချက်ရှိတဲ့ သူတွေမဟုတ်ပဲဟန်ပြအယောင်ဆောင်သမားတွေဖြစ်နေလို့ပါဘဲ။ ဒါကြောင့် NGO ရဲ့အကူအညီဟာတကယ်လိုလိုလားလားလုပ်ချင်ကြတဲ့သူတွေလက်ထဲ၊ တော်လှန်သမားကောင်းတွေရဲ့ လက်ထဲရောက်ဖို့ လိုအပ်ပါတယ်။ NGO ရဲ့အထောက်အပံ့ဟာ နိုင်ငံရေးအပြောင်းအလဲအတွက်၊ လူမှုအဖွဲ့အစည်း ပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးကူညီမှုသာဖြစ်စေရမယ်။ NGO တွေဟာ စီစဉ်ညွှန်ကြားသူတွေမဖြစ်သင့်ပါဘူး၊

> **နိုင်ငံတကာရဲ့ထောက်ပံ့ကူညီမှုဟာ တော်လှန်ရေး၊**
> **နိုင်ငံရေးခေါင်းဆောင်ဆိုတဲ့ လူတွေအပေါ် ယုံကြည်လေးစားလို့မဟုတ်ဘဲ**
> **ဒုက္ခပင်လယ်ဝေနေတဲ့ ပြည်သူတွေကို သနားညှာတာထောက်ထားလို့**
> **ကူညီတယ်ဆိုတာ ခေါင်းဆောင်ဆိုတဲ့လူတွေ သဘောပေါက်ဖို့သင့်ပါတယ်**

ပြည်တွင်း ပြည်ပရှိတော်လှန်ရေးသမားတွေဟာ ဒီမိုကရေစီအသွင်ကူပြောင်းရေးအတွက် မဟာဗျူဟာလုပ်ငန်းစဉ်တွေတခုပြီးတခုချမှတ်လုပ်ဆောင်ခဲ့ကြပေမဲ့ တာဝန်ယူအကောင်အထည်ဖော်တဲ့နေရာမှာ လူသားအရင်းမြစ်လုံလောက်မှုမရှိသေးတာကို တွေ့ရပါတယ်။ အကြောင်းကတော့ လူသားအရင်းမြစ်တိုးချဲ့ဖို့မကြိုးစားနိုင်ကြပါဘူး၊ ပြည်တွင်းပြည်ပရှိပြည်သူတွေလည်းတော်လှန်ရေး၊ နိုင်ငံရေးတွေအပေါ် စိတ်ကုန်ချင်ပုံရပါတယ်။ ဒီအခါတော်လှန်ရေးနယ်ပယ်ထဲက ခေါင်းဆောင်တွေအပေါ် တာဝန်တွေစုပုံလာပါတယ်။ အဲဒီတော့ ခေါင်းဆောင်ဆိုတဲ့လူတွေအလုပ်ပိပြီး လုပ်ငန်းအကောင်အထည်ဖော်နိုင်စွမ်းမရှိ၊ အရည်အချင်းမရှိတဲ့သူတွေအဖြစ်သတ်မှတ်ခံလာရပါတယ်။

ဒီတော့ အဲဒီခေါင်းဆောင်တွေချမှတ်လိုက်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေဟာ၊ လုပ်ငန်းစဉ်တွေမဟုတ်တော့ဘဲ သူတပါးအပေါ် မှီခိုရပြီး NGO တွေရဲ့ထောက်ပံ့ပေါ် မှာမှီတည်လာရပါတယ်။ နိုင်ငံတကာရဲ့ပိုးကူညီမှုဟာ အသွင်ကူးပြောင်းရေးအတွက်အရေးပါလှပါတယ်။ ဒါပေမဲ့ ဒီ့ထက်အရေးပါတဲ့အချက်က ကိုယ်ကိုယ်တိုင်ချမှတ်တဲ့ ဗျူဟာလုပ်ငန်းစဉ်တွေကို ကိုယ်တိုင်အကောင်အထည်ဖော်နိုင်ဖို့ပါဘဲ။ ဒီကနေ့ နိုင်ငံတကာရဲ့ထောက်ပံ့ကူညီမှုဟာ တော်လှန်ရေး၊နိုင်ငံရေးခေါင်းဆောင်ဆိုတဲ့လူတွေအပေါ် ယုံကြည်လေးစားလို့မဟုတ်ဘဲ ဒုက္ခပင်လယ်ဝေနေတဲ့ ပြည်သူတွေကိုသနားညှာတာထောက်ထားလို့ ကူညီတယ်ဆိုတာ ခေါင်းဆောင်ဆိုတဲ့လူတွေ သဘောပေါက်ဖို့ သင့်ပါတယ်။

လက်နက်ကိုင်ဖိနှိပ်မှုရှိတဲ့တိုင်းပြည်မှာ လက်နက်ကိုင်တော်လှန်ရေးရှိတာဟာသဘောဝကျပါတယ်။ ဒီအချက်ကိုနိုင်ငံတကာက ကန့်ကွက်စရာအကြောင်း မရှိပါဘူး။ ပြည်တွင်းစစ်သက်ဆိုးရှည်လာလို့ ပြည်သူတွေ ဒုက္ခရောက်နေတာကို မမြင်တွေ့လိုတာဘဲရှိပါတယ်။ ပြည်သူတွေလွတ်လပ်ဖို့ လက်နက်ကိုင်တော်လှန်နေတဲ့သူတွေကို ကန့်ကွက်နေတာမဟုတ်ပါဘူး။ အရေးကြီးတဲ့အချက်က မဟာဗျူဟာ၊ နည်းဗျူဟာနဲ့လုပ်ငန်းစဉ်တွေပြောင်းလဲချမှတ်တဲ့အခါမှာ နဂိုကချမှတ်ထားတာတွေနဲ့ဆန့်ကျင်ဘက်မဖြစ်ဖို့လိုအပ်ပါတယ်။ အဟောင်းအသစ်သဟဇာတရှိနေဖို့လိုပါတယ်။ စစ်ရေးနဲ့နိုင်ငံရေးကို ဆန့်ကျင်ဘက်သဘောတရားအဖြစ်မသတ်မှတ်ဘဲ အပြန်အလှန်ဆက်စပ်မှုရှိတဲ့၊ အမှီသဟဲပြုနေကြတဲ့ အကြောင်းတရားအဖြစ်၊ စစ်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုနှစ်ခုစလုံးဒွန်တွဲ အပြောင်းအလဲအတွက်လုပ်ဆောင်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**ဝေသာလီတိုင်းသား**



INDP 224 BUR.PMD 33 24/05/2006, 12:18 PM

# မြန်မာပြည်

# နဲ့

# တရုတ်

> “လားရှိုးလူဦးရေ ထက်ဝက်လောက်ဟာ တရုတ်တွေဖြစ်တယ်၊
> ကိုးကန့်နဲ့ ဝ ဒေသကတော့ တရုတ်ပြည်နယ်လိုဖြစ်နေတာ
> ကြာပါပြီ၊ တရုတ်စာ တရုတ်စကားသုံးတဲ့ အရပ်တွေဖြစ်ပါတယ်၊”

— — — — — — —

> “ထိုင်းဝန်ကြီးချုပ် ထတ်ဆင်ချင်းနဝပ်က ကွမ်တုံးနယ်မှာ
> သူ့ဘိုးဘွားသင်္ချိုင်းကို သွားကန်တော့ခဲ့တာကိုကြည့်ရင်
> တရုတ်ပြည်ရဲ့ ဩဇာအရှိန်အဝါနဲ့
> နိုင်ငံခြားရောက်တရုတ်ဆက်ပုံကို ခန့်မှန်းနိုင်ပါတယ်၊”

မြန်မာပြည်ရောက်တရုတ်တွေဟာ စီးပွားရေးကိုသာ အာရုံစိုက်ခဲ့ပေမဲ့ နအဖစစ်အစိုးရခေတ်မှာ မြန်မာပြည်တရုတ်ကုန်သည်ကြီးများအသင်းဟာ တရုတ်ကွန်မြူနစ်အစိုးရရဲ့သစ္စာခံသဖွယ်ဖြစ်လာတယ်လို့ လေ့လာအကဲခတ်သူတွေက ပြောဆိုကြပါတယ်။ မြန်မာပြည်ရောက်တရုတ်တွေရဲ့ ရပ်တည်ချက်ကို လေ့လာသင့်ပါတယ်။

လူဦးရေထူထပ်တဲ့ တရုတ်ပြည်ကနည်းမျိုးစုံနဲ့တရုတ်တွေ မြန်မာပြည်ကို ဝင်ရောက်နေတာနှစ်ပေါင်းကြာလှပါပြီ။ တရုတ်ပြည်ယူနန်၊ ကွမ်တုန်၊ ဖူကျဲန်စတဲ့ဒေသတွေကတရုတ်တွေ မြန်မာပြည်ကို အဝင်များတယ်လို့သိရပါတယ်။ ပုဂံပြည်ကို မွန်ဂိုတရုတ်ကသိမ်းပိုက်ပြီး တရုတ်ပိုင်ချွန်ပြည်နယ်အဖြစ်ကြေညာခဲ့တဲ့ ၁၃ ရာစုကစပြီး အင်္ဂလိပ်ကိုလိုနီခေတ်အထိ တရုတ်တွေ တဖြည်းဖြည်းဝင်လာနေတာ ဒီကနေ့အထိပါပဲ။ အရင်ကတော့ တရုတ်တွေဟာစီးပွားရေးကိုသာအဓိကထားပြီး နိုင်ငံရေးကိုစိတ်မဝင်စားကြပါဘူး။

၁၉၂၉ က ရန်ကုန်တရုတ်တန်းမှာ ကွန်မြူနစ်ဝါဒဖြန့်တဲ့ ရှန်ဟဲမြို့သား ဂူ ဝေဆိုင်ရဲ့ဇနီးဟာ အနည်းငယ်သာစည်းရုံးနိုင်ခဲ့ပါတယ်။ မြန်မာပြည်ကတရုတ်တွေဟာ စီးပွားရေးကိုသာ ဦးစားပေးတာမို့ ဂူဝေဆိုင်တို့ လင်မယားစိတ်ဓာတ်ကျပြီး ၁၉၃၀ ပြည့်နှစ်မှာ ရန်ကုန်ကထွက်ခွာသွားပါတယ်တဲ့။ ၁၉၄၉ မှာ မော်စီတုန်းခေါင်းဆောင်တဲ့ ကွန်မြူနစ်တွေ အာဏာသိမ်းတဲ့အခါမှာ တရုတ်အများအပြားထွက်ခွာကြပြန်ပါတယ်။

တရုတ်ပြည်တွင်းစစ်မှာ အရေးနိမ့်ပြီး သျှမ်းပြည်ထဲဝင်လာတဲ့ KMT တရုတ်ဖြူတပ်တချို့နဲ့ မိသားစုတွေကိစ္စကို ဗမာအစိုးရက ကုလသမဂ္ဂမှာတင်ပြရတဲ့အထိ တရုတ်ကဖိ သျှမ်းကအိဆိုသလိုဖြစ်လာခဲ့ရပါတယ်။ တရုတ်နီလို့ခေါ်တဲ့ တရုတ်ကွန်မြူနစ်အစိုးရကိုဗမာက အသိအမှတ်ပြုပေမယ့် အမေရိကန်ကတော့ ကုလသမဂ္ဂထဲကိုဝင်ခွင့်မပေးခဲ့ပါဘူး။ အမေရိကန်ဟာ တရုတ်ဖြူလို့ခေါ်တဲ့ ထိုင်ဝမ် KMT အစိုးရကိုသာ အသိအမှတ်ပြုပါတယ်။ ဒါ့ကြောင့် ဦးနုခေါင်းဆောင်တဲ့ ဒီမိုကရေစီအစိုးရခေတ်မှာ တရုတ်နီအုပ်စုနဲ့ တရုတ်ဖြူအုပ်စုဆိုပြီး အုပ်စုနှစ်စုရှိနေပါတယ်။

ဗိုလ်နေဝင်းဦးဆောင်တဲ့ မဆလစစ်အစိုးရခေတ် ၁၉၆၇ မှာ မော်စီတုန်းရဲ့ယဉ်ကျေးမှုတော်လှန်ရေး မြန်မာပြည်ထဲ ကူးဝင်လာလို့ တရုတ်အရေးအခင်းဖြစ်ပွားတဲ့အတွက် တရုတ်မြန်မာဆက်ဆံရေးအခြေအနေဆိုးရွားခဲ့ပေမယ့် တရုတ်တွေကတော့ ဥပဒေမဲ့ဝင်လာနေဆဲပါပဲ။

မဆလအစိုးရခေတ် နောက်ဆုံးနှစ် ၁၉၈၈ မှာ တရုတ်–မြန်မာနယ်ခြား ကုန်သွယ်ရေးကို တရားဝင်ခွင့်ပြုလိုက်တဲ့နောက် နဝတစစ်အစိုးရတက်လာတော့လည်း တရုတ်ကို အကြီးအကျယ်မှီခိုအားထားတဲ့အတွက်မြန်မာပြည်တွင်းဝင်လာတဲ့ တရုတ်ဦးရေဟာ အရင်ကထက်များလာပါတယ်။ တရုတ်ဖြူ တရုတ်နီမကတော့ပဲ တရုတ်လယ်သမားတွေကပါ နိုင်ငံခြားမှာ သွားရောက်အခြေချဖို့ကြိုးစားတာဟာ ဒီခေတ်ရဲ့ထူးခြားချက်ဖြစ်ပါတယ်။

မြန်မာမှတ်ပုံတင်ဝယ်ယူပြီး မြန်မာပြည်သားအဖြစ်နေထိုင်သူ တရုတ်ဦးရေတိုးပွားလာတာမို့ လက်ရှိစစ်အစိုးရလက်ထက်မှာ ဥပဒေမဲ့ဝင်လာတဲ့ တရုတ်ဦးရေဟာ တစ်သန်းနဲ့နှစ်သန်းအကြားရှိမယ်လို့ ခန့်မှန်းပါတယ်။ မန္တလေးလူဦးရေရဲ့ ၄ ပုံ ၁ ပုံဟာ ယူနန်တရုတ်တွေဖြစ်နေပြီး၊ လားရှိုးလူဦးရေ ထက်ဝက်လောက်ဟာ တရုတ်တွေဖြစ်တယ် လို့ ဩစတေးလျ နိုင်ငံခြားရေးဌာနက ဆိုပါတယ်။ ကိုးကန့်နဲ့ ဝ ဒေသ ကတော့ တရုတ်ပြည်နယ်လိုဖြစ်နေတာ ကြာပါပြီ။ တရုတ်စာ တရုတ် စကားသုံးတဲ့ အရပ်တွေဖြစ်ပါတယ်။

ဈေးကွက်စနစ် ကျင့်သုံးချိန်ကစပြီး တရုတ်ပြည်ဟာ ထိုင်ဝမ်နဲ့အဆက်အဆံများလာပါတယ်။ တရုတ်ပြည်မှာ ထိုင်ဝမ်က ရင်းနှီးမြှုပ်နှံထားတာတွေ များလွန်းလို့ တရုတ်ကိုမှီခိုသလိုတောင်ဖြစ်နေပါပြီ။ ဒီလို



မန္တလေးရှိ တရုတ်ဘုံကျောင်းတစ်ကျောင်း

ဓာတ်ပုံ ။ အောင်ထက်ရွှေ



လားရှိုးတရုတ်ဘုံကျောင်းအရှေ့ဘက်မြင်ကွင်း

စီးပွားရေးပေါင်းဖက်သလို နိုင်ငံရေးမှာလည်း ပေါင်းစည်းနိုင်လိမ့်မယ်လို့ တရုတ်ကွန်မြူနစ်အစိုးရကယူဆနေပါတယ်။ ထိုင်ဝမ်က KMT ပါတီ ဥက္ကဌ လွန်ခဲ့တဲ့ ၂၀၀၅ မေလက တရုတ်ပြည်ကိုသွားတဲ့ကိစ္စကို တရုတ် ထိုင်ဝမ်ပေါင်းစည်းရေးအလားအလာအဖြစ် ရန်ကုန်တရုတ်ကုန်သည် များအသင်းက ထောက်ခံတာကိုကြည့်ရင် မြန်မာပြည်မှာ အရင်လို တရုတ်နီ တရုတ်ဖြူရယ်လို့မရှိတော့ဘဲ တရုတ်ကွန်မြူနစ်အလိုတော်ရိ သာရှိနေတာထင်ရှားပါတယ်။ ယူနန်တရုတ်အသင်း၊ ဖူကျဲန်တရုတ် အသင်း။ ကွမ်တုံးတရုတ်အသင်းစသဖြင့် မိမိတို့ဇာတိမြေကို ကိုယ်စား ပြုတဲ့ တရုတ်ကုန်သည်ကြီးများအသင်းရဲ့ နိုင်ငံရေးရပ်တည်ချက်ဟာ တရုတ်ကွန်မြူနစ်အစိုးရနဲ့ တသားတည်းဖြစ်နေတာတွေ့ရပါတယ်။ ဂျပန်ဝန်ကြီးချုပ်ကိုအီဇူးမိ ရာစုနှစ်စစ်သင်္ချိုင်းကိုသွားတာတောင် မြန်မာပြည်တရုတ်ကုန်သည်များအသင်းက ဝေဖန်ရှုံ့ချနေပါပြီ။

နိုင်ငံခြားရောက်တရုတ်အကြောင်း နှစ်ပေါင်းများစွာလေ့လာခဲ့သူ ပါမောက္ခ ဝမ်ကန်ဝူးက တရုတ်သုံးမျိုးသုံးစားခွဲခြားနိုင်တယ်လို့ ရေးဖူး ပါတယ်။ ပထမအမျိုးအစားက တရုတ်ပြည်ကို သစ္စာရှိသူတွေဖြစ်ပါ တယ်တဲ့။ ဒုတိယအမျိုးအစားက မိမိစီးပွားရေးကိုသာ စိတ်ဝင်စားသူ ဖြစ်ပြီး တတိယက မိမိနေထိုင်ရာတိုင်းပြည်ရဲ့အကျိုးစီးပွားကိုသာ အာရုံစိုက်သူတွေဖြစ်ပါတယ်တဲ့။ ဒုတိယနဲ့တတိယအမျိုးအစားဟာ လူများစုဖြစ်ပြီး၊ တရုတ်ပြည်ကို သစ္စာခံသူဟာ လူနည်းစုဖြစ်တယ်တဲ့။ ဒါပေမယ့် တရုတ်ကွန်မြူနစ်အစိုးရကို မှီခိုအားထားနေရတဲ့ မြန်မာပြည် မှာတော့ တရုတ်ပြည်ကိုသစ္စာရှိသူဟာ လူများစုဖြစ်ပုံရတယ်တဲ့။

ဝန်ကြီးချုပ်ချောင်အင်လိုင်းလက်ထက်ကစပြီး ဝန်ကြီးချုပ်လီဖိန် လက်ထက်အထိ မိမိနေထိုင်ရာတိုင်းပြည်ကိုသာ သစ္စာရှိကြဖို့ နိုင်ငံခြား ရောက်တရုတ်တွေက တရုတ်ပြည်မှာ ရင်းနှီးမြုပ်နှံလာတဲ့အခါမှာတော့ ဒီမူဝါဒလည်းအသွင်ပြောင်းလာပုံရပါတယ်။ တရုတ်ပြည်ဈေးကွက်မှာ နိုင်ငံခြားရောက်တရုတ်တွေအရေးပါနေပါတယ်။ တရုတ်ပြည်ကို အစိုးရ ကိစ္စနဲ့သွားတဲ့ ထိုင်းဝန်ကြီးချုပ် ထတ်ဆင်ချင်းနဝပ်က ကွမ်တုံးနယ်မှာ သူ့ဘိုးဘွားသင်္ချိုင်းကို သွားကန်တော့ခဲ့တာကို ကြည့်ရင်တရုတ်ပြည်ရဲ့ သြဇာအရှိန်အဝါနဲ့ နိုင်ငံခြားရောက်တရုတ်ဆက်ပုံကို ခန့်မှန်းနိုင်ပါ တယ်။ ဒါ့ကြောင့် တရုတ်ကွန်မြူနစ်အစိုးရက နိုင်ငံခြားရောက်တရုတ် တွေကို နည်းမျိုးစုံနဲ့အသုံးပြုနေတာထင်ရှားကြောင်း တင်ပြလိုက်ရပါ တယ်ခင်ဗျား။

**သမိုင်းပညာရှင် ဒေါက်တာအောင်ခင် RFA (ဇန္နဝါရီ ၂၀၀၆)**




## ဝမရှိ–ဗိလုပ်ပြတဲ့ နအဖ

ဤသို့ သတင်းစာ၊ တီဗွီထဲထည့်သွင်းဖေါ်ပြနိုင်ရန်အတွက် အဆိုပါ ကွန်ပျူတာများကို ပင်လုံမြို့တွင်းရှိ ပုဂ္ဂလိကပိုင်များထံမှ ခဏတဖြုတ် ငှားရမ်းလာပြီး တပ်ဆင် သရုပ်ဆောင်ရိုက်ကူးပြသခြင်းသာဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူ ပင်လုံတက္ကသိုလ်ကျောင်းသူဟောင်းတဦးက ပြောပြခဲ့သည်။

## ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုပြရုပ်?

နဝတတို့အာဏာသိမ်းပြီးနောက်ပိုင်း ၁၉၉၁ ကတည်းက ဒေသခံ တိုင်းရင်းသားပြည်သူများ၏ အလိုဆန္ဒမပါဘဲ (လူမျိုးစုများ၏သမိုင်း ကြောင်းကို ပြောင်းလဲဝါးမြိုပစ်ရန်နှင့် မိမိနာမ်ကိုမြှင့်/သူတပါး၏နာမ်ကို နှိမ်ရန်ဟူသော) ၎င်းတို့၏အဓိကဦးတည်ချက်အရ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီပိုင်ရှင်၊ အပစ်ရပ်အဖွဲ့ခေါင်းဆောင်၊ မြို့မမြို့ဖများ၏ ထည့်ဝင်ငွေ ခပ်များများဖြင့် ယခုကဲ့သို့ သျှမ်းပြည်အနှံ့ ရွှေတိဂုံပုံတူစေတီ ၇–၈ ဆူအထိ နအဖတို့တည်ဆောက်ခဲ့ခြင်းသည်– ဘာသာရေးလွတ်လပ်ခွင့် ကို ကျူးလွန်ချိုးဖေါက်ခြင်းဖြစ်သည်။

ဤပင်လုံရွှေတိဂုံပုံတူကိုလည်း နအဖထိပ်သီးကြီးတဦးဖြစ်သူ – အတွင်းရေးမှူး ၁ ဗိုလ်သိန်းစိန်က သျှမ်းပြည်တောင်ပိုင်းအနှံ့ရှိ ကျောင်း ထိုင်ပုဂ္ဂိုလ်အားလုံးနှင့် မြို့နယ်အသီးသီးမှ ဂေါပကရပ်မိရပ်ဖအားလုံး အပေါ် အမိန့်ဖြင့်ဆင့်ခေါ်ပြီး ၁၂၊ ၂၊ ၂၀၀၆ တပို့တွဲလပြည့်နေ့တွင် ထီးတင်ပွဲပြုလုပ်ခဲ့သည်။

## စာမူရှင်သို့ ပြန်ကြားချက်

စဝ်နော်လိတ် (မိုင်းနောင်)ရေးသားပေးပို့သော ၁၈၊ ၃၊ ၀၆ ရက်စွဲပါ "၂၀၀၆ ဗိုလ်သန်းရွှေ အိမ်စောင့်အစိုးရ"ဆောင်းပါးမှာ –
(၁) အချိန်ကာလအပိုင်းအခြားနှင့် အခြေအနေအတော်အတန်နှောင်း သွားပြီဖြစ်ခြင်း၊
(၂) ဖေြိလထုတ် မဇ္ဈိမသတင်းဂျာနယ်တွင် ပါဝင်ခဲ့ပြီဖြစ်ခြင်း၊
(၃) ဆေလွတ်လျော့မိုင် သျှမ်းဝပ်ဆိုဒ်တွင်လည်း စောစီးစွာဖေါ်ပြခဲ့ပြီ ဖြစ်ခြင်း–စသည်တို့ကြောင့် ကွဏ်းခေါ် Independence စာစောင်တွင် နောက်ထပ် မထည့်သွင်းနိုင်တော့ကြောင်း ပန်ကြားအပ်ပါသည်။

**အယ်ဒီတာ**

## ကြားနေလို့မရ

ကြားနေဖြစ်ရမယ်လို့ ပြောလို့မရဘူး။ အမှန်နဲ့အမှား၊ အစစ်အတုကြား မှာတခုခုကိုရွေးရမယ်။ အမှန်အမှား၊ အတုနဲ့အစစ်ကြားမှာ ဘက်မလိုက် ရဘူး၊ ကြားနေဖြစ်ရမယ်လို့ ဗုဒ္ဓသာသနာက မသွန်သင်ခဲ့ပါဘူး။

**၁၄၊ ၃၊ ၂၀၀၆**
**အားနန်း ပန်းယားရချွန်း**
**ထိုင်းဝန်ကြီးချုပ်ဟောင်း**



INDP 224 BUR.PMD 35 24/05/2006, 12:18 PM

# အာဏာရှင်ဆိုတာဘာလဲ

အာဏာရှင်ဆိုတာ အင်္ဂလိပ်စကား(ဒီထေတာ)ကနေ တိုက်ရိုက်ဆင်းလာတဲ့စကား ဖြစ်ပါတယ်။ အစိုးရတရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားစီရင်ရေး၊ အတိုက်အခံဆိုတာတွေ ဂရုမထားပဲအကြွင်းမဲ့အာဏာချုပ်ကိုင်ထားသူတွေကိုဆိုလိုပါတယ်။ ငါပြောတာဟာ ဥပဒေ၊ ငါလုပ်တာဟာ အမှန်၊ ငါနဲ့မတူငဲ့ရန်သူဆိုတဲ့မူနဲ့တိုင်းပြည်ကို အုပ်ချုပ်သူမျိုးတွေကိုခေါ်တာဖြစ်ပါတယ်။

နိုင်ငံရေးနယ်ပယ်မှာ အာဏာရှင်ဆိုတဲ့စကားစတင်ပေါ်လာတာဟာ ရှေးရောမခေတ်ကတည်းကလို့ နိုင်ငံရေးသိပ္ပံစာပေတွေကဆိုပါတယ်။ ရိုးရိုးသမတနိုင်ငံတော်ခေတ်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ တိုင်းပြည်အရေးပေါ်အခြေအနေဖြစ်လာရင် ထိန်းသိမ်းနိုင်ဖို့လွှတ်တော်ထဲက တရားသူကြီးတစ်ယောက်ကို အာဏာရှင်ဆိုပြီး တာဝန်ပေးလေ့ရှိပါတယ်။ အဲဒီခေတ်ကအာဏာရှင်ဆိုတာ ဖွဲ့စည်းပုံဥပဒေအရ ၆ လ ထက်မကျော်ပဲ ယာယီတာဝန်ယူရသူဖြစ်ပါတယ်။ ဒါပေမယ့် ဘီစီ ၂ ရာစုကနေဒီဘက်ကာလတွေမှာတော့ အာဏာရှင်ဆိုတာ ယာယီအာဏာယူသူမဟုတ်ကြတော့ပဲ အမြဲတမ်းအာဏာထိန်းချုပ်နိုင်ဖို့ ကြိုးစားလာသူတွေဖြစ်လာခဲ့ပါတယ်။

မျက်မှောက်ခေတ်အာဏာရှင်တွေ ပေါ်ပေါက်လာရတဲ့နည်းလမ်းတွေထဲမှာ လူထုအုံကြွမှုရဲ့ခေါင်းဆောင်အဖြစ်ကနေ အာဏာရှင်ဖြစ်လာတာတွေနဲ့ အုပ်ချုပ်ရေးအာဏာကို ပါတီတခုကနေ အနိုင်ရပြီး အဲဒီပါတီရဲ့ခေါင်းဆောင်အဖြစ်ကနေ အာဏာရှင်ဖြစ်လာတာတွေလည်း ရှိတယ်လို့ နိုင်ငံရေးအဘိဓါန်ပြုစုခဲ့သူ ဒေးဗစ်ရောဘတ်ရှန်းကဆိုပါတယ်။ လူထုအုံကြွမှုကြောင့် အာဏာရလာသူတွေထဲမှာ ဆိုဗီယက်ကလီနင်နဲ့ သူ့နောက်မှာတက်လာသူ ဂျိုးဇက်စတာလင်တို့ကိုပြရပါမယ်။ သူတို့ဟာ ဖော်ရှီဗစ်လှုပ်ရှားမှုကနေထင်ရှားလာကြပြီး အာဏာရလာသူတွေဖြစ်ပါတယ်။ အာဏာရှင်တွေ မကြာခဏပေါ်ပေါက်လာစေတဲ့တခြားအကြောင်းရင်းတခုကတော့ စစ်တပ်ကတိုင်းပြည်အာဏာကိုသိမ်းလိုက်တဲ့အတွက် စစ်တပ်ခေါင်းဆောင်ဖြစ်သူဟာ အာဏာရှင်ဖြစ်လာတတ်တာပဲလို့ဆိုပါတယ်။ စစ်တပ်က တိုင်းပြည်ရဲ့အာဏာကိုလုယူပြီး အာဏာရှင်ဖြစ်လာကြသူ တွေထဲမှာ ထင်ရှားသူတွေကတော့ ချီလီက ဗိုလ်ချုပ်ကြီးဩဂတ်တိုပင်နိုရှေး၊ အင်ဒိုနီးရှားက ဗိုလ်ချုပ်ကြီးဆုဟာတို၊ မြန်မာနိုင်ငံကဗိုလ်ချုပ်ကြီးနေဝင်းနဲ့လစ်ဗျားက ဗိုလ်မှူးကြီးမိုဟာမက်ဂဒါးဖီးတို့ ဖြစ်ပါတယ်။

**ဒီနေရာမှာဆူဟာတိုနဲ့ဦးနေဝင်းတို့တူတာတစ်ခုရှိပါတယ်။ အဲဒါကသူတို့ဟာအရေးပေါ်အခြေအနေတွေ အကြောင်းပြုပြီး တိုင်းပြည်အာဏာကိုသိမ်းယူပြီးမှ ထာဝရအာဏာအင်အား ပြောင်းလဲယူခဲ့ကြတာတွေ့ရပါတယ်**

ဒီနေရာမှာ အာဏာရှင်နှစ်မျိုးနှစ်စားရှိပါတယ်။ တစ်မျိုးက ပုဂ္ဂိုလ်ရေးလူကြိုက်များတာကိုအသုံးချပြီး အာဏာရှင်ဖြစ်လာတာနဲ့ စစ်တပ်၊ ပါတီအဖွဲ့အစည်းတခုခုကိုထိန်းချုပ်ထားပြီး အာဏာရှင်ဖြစ်လာတာတွေရှိပါတယ်။

လူကြိုက်များရာကနေအာဏာရှင်ဖြစ်လာကြသူများထဲမှာ ဂျာမနီကဟစ်တလာဟာအလွန်ထင်ရှားပါတယ်။ နောက်အရေးကြီးတဲ့ ကွာခြားမှုတစ်ခုက အဆင့်အတန်းတူအုပ်ချုပ်သူလူတန်းစားထဲကမှ အာဏာရှင်ဆန်တဲ့ခေါင်းဆောင်ဖြစ်လာတာမျိုးဖြစ်ပါတယ်။ ဥပမာပြရရင်ဆိုဗီယက်ခေါင်းဆောင်စတာလင် ဖြစ်ပါတယ်။ စတာလင်အာဏာရလာတာဟာ သူနဲ့အဆင့်တူရဲဘော်တွေကို ဖြုတ်ထုတ်ဖယ်ရှားနေရာယူခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဗိုလ်ချုပ်ကြီးနေဝင်းလည်း တပ်ထဲကအဆင့်တူရဲဘော်သုံးကျိတ်ဝင်တွေရော၊ ဗမာ့တပ်မတော်ဖွဲ့စည်းခါစကတိုင်းပြည်အတွက်အတူတူလက်တွဲခဲ့ကြတဲ့လုပ်ဖေါ်ကိုင်ဖက် အဆင့်ဆင့်အရာရှိတွေကိုရော တစစဖယ်ရှားပြီး တဦးတည်းအာဏာချုပ်ကိုင်လာခဲ့တဲ့အာဏာရှင်ဖြစ်ပါတယ်။

အာဏာရှင်ဆိုတဲ့အသုံးအနှုန်း ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ ပိုပြီးထင်ရှားလာတာက ၁၉၄၉ နှစ်မှာ ရိုက်ကူးခဲ့တဲ့ ချာလီချက်ပလင်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ (သည်ကရိတ်ဒီထေးတား)ဆိုတဲ့မဟာအာဏာရှင်ရုပ်ရှင်ဇာတ်ကားကြောင့်ဖြစ်ပါတယ်။ ချာလီချက်ပလင်က အဲဒီချိန်ကတန်ခိုးထွားနေတဲ့ ဂျာမနီကဟစ်တလာနဲ့အမျိုးသားဆိုရှယ်လစ်ဝါဒလို့ခေါ်တဲ့ နာဇီစနစ်ကိုလှောင်ပြောင်ထားတဲ့ ဇာတ်ကားဖြစ်ပါတယ်။

၁၉၃၆–၃၉ အင်္ဂလိပ်ခေတ်မှာ ဒေါက်တာဘမော်ဟာ သူရဲ့ဆင်းရဲသားပါတီကို ကိုယ်စားပြုပြီး ဝန်ကြီးချုပ်ဖြစ်လာတဲ့အခါ သူ့ကိုသူဆင်းရဲသားအာဏာရှင်လို့ ကျေကျေနပ်နပ်ခံယူပါတယ်။ ဖဆပလခေတ်မှာ အာဏာရဝန်ကြီးချုပ်ဦးနုဆိုရင် ကိုကြီးနုအာဏာရှင်လို့အတိုက်အခံတွေက သတင်းစာထဲမှာရေးသားခဲ့ကြပါတယ်။

**အာဏာရှင်ဆိုတဲ့အဓိပ္ပါယ်က တရားစီရင်ရေး ဥပဒေပြုရေးနဲ့အုပ်ချုပ်ရေးအာဏာကို တယောက်တည်းတဖွဲ့တည်း ချုပ်ကိုင်ခြယ်လှယ်တာကိုခေါ်တာ ဖြစ်ပါတယ်**

ဒါကြောင့်မို့ ဒေါက်တာဘမော်၊ ဦးနုစတဲ့သူတွေဟာ သမိုင်းမှာအာဏာရှင်ရယ်လို့ ရာဇဝင်မတွင်ခဲ့ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၀ ပြည့်နှစ်တွေတုံးက အာဏာသိမ်းတဲ့ စစ်အုပ်စုကအာဏာရှင်အစိုးရမဟုတ်ပါဆိုတဲ့ စာအုပ်တစ်အုပ်ကို မြန်မာအစိုးရကထုတ်ဝေခဲ့ပါတယ်။ သမိုင်းပေးအမျိုးသားရေးတာဝန်ကို ထမ်းဆောင်ဖို့ခေတ္တအာဏာထိန်းသိမ်းထားတာဖြစ်တယ်လို့ စာအုပ်ကဆိုလိုချင်ဖွယ်ရပါတယ်။ ဒါပေမယ့် လက်ရှိအစိုးရက အတိုက်အခံတွေနဲ့ အစိုးရဆန့်ကျင်သူတွေကိုဖိနှိပ်တာ ၁၇ နှစ်ကြာအာဏာချုပ်ကိုင်ထားတာ၊ အစိုးရအဖွဲ့ဝင်တွေအာဏာသုံးပြီး အဂတိလိုက်စားနေကြတာ၊ တရားစီရင်ရေးစနစ်ကိုလိုသလိုအသုံးချပြီး ဥပဒေတွေကို ခေါင်းဆောင်တွေရဲ့ လက်မှတ်နဲ့ထုတ်ပြန်ကြေငြာလိမ်ညာတာတွေကိုထောက်ရှုရင် နိုင်ငံတကာနိုင်ငံရေးသိပ္ပံပညာရှင်တွေနဲ့ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူတွေအများစုအဖို့ကတော့ မြန်မာနိုင်ငံစစ်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ်တရားဝင်အဆင့်သတ်မှတ်ထားနေတာလေ့လာတွေ့ရှိရပါကြောင်း။

**ဦးကျော်မင်းထွန်း**
**မြန်မာနိုင်ငံရေးနှင့် နိုင်ငံရေးဝေါဟာရများ ကဏ္ဍ (RFA)**



INDP 224 BUR.PMD 36 24/05/2006, 12:18 PM

# နန်းချမ်တောင်း နှင့် တွေ့ဆုံမေးမြန်းချက်

လူ့အခွင့်အရေးအတွက် ကြိုးပမ်းလှုပ်ရှားသူ သျှမ်းအမျိုးသမီး နန်းချမ်တောင်းဟာ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး Jack Straw ဂျက်စတြောအပြင် အတိုက်အခံ Conservative Pary ကွန်ဆာဗေးတစ်ပါတီ ထိပ်တန်းခေါင်းဆောင်တွေနဲ့လဲတွေ့ဆုံပြီး မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖေါက်မှုခံနေရပုံတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ သူ့ရဲ့မြန်မာ့အရေးလှုပ်ရှားမှုနဲ့ပတ်သက်ပြီး BBC မြန်မာဌာနကိုရောက်လာတဲ့ နန်းချမ်တောင်းနဲ့ သီးသန့်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

BBC: အခုလိုပထမဆုံးအနေနဲ့ ဗြိတိန်မှာထိပ်တန်းခေါင်းဆောင်တွေနဲ့တွေ့ဆုံဆွေးနွေးရတဲ့ကိစ္စဟာ အမှန်တကယ်အကျိုးရှိတယ်လို့ ယူဆပါသလား?

Charm Tong: မြန်မာနိုင်ငံရဲ့အရေးကိုကမ္ဘာက ပိုသိလာအောင် လုပ်ဘို့အရေးကြီးနေတဲ့အချိန်မှာ အခုလို UK ကိုလာပြီး နိုင်ငံခြားရေးဝန်ကြီးနဲ့ရော၊ အတိုက်အခံပါတီခေါင်းဆောင်တွေနဲ့ပါ တွေ့ခွင့်ရတာ အများကြီးအကျိုးရှိပါတယ်။ သူတို့ကလဲ မြန်မာပြည်မှာဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုစိုးရိမ်ကြောင်း၊ UK အစိုးရဟာ နိုင်ငံတကာနဲ့ ပူးပေါင်းပြီး မြန်မာ့ဒီမိုကရေစီအရေးကိုကူညီမဲ့အကြောင်းတွေကို ပြောပြကြပါတယ်။ ဒီခရီးစဉ်ဟာ အကျိုးရှိတယ်လို့ ဆိုနိုင်ပါတယ်။




BBC: နန်းချမ်တောင်းက မနှစ်တုံးကလဲ အမေရိကန်သမတ ဂျော့ဂ်ျဘုတ်ရှ်နဲ့လဲတွေ့ခဲ့တယ်။ အခုလဲ UK ကခေါင်းဆောင်တွေနဲ့လာတွေ့တော့ မြန်မာ့အရေးမှာ အရေးပါတယ်လို့ယူဆရတဲ့ ASEAN တို့ တရုတ်၊ အိန္ဒိယတို့ခေါင်းဆောင်တွေနဲ့ရော မတွေ့ဘူးလား?။ အဲဒီလိုတွေ့ဘို့ကော မဖြစ်နိုင်ဘူးလား?။

CT: ကျမက မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုရဲ့တစိတ်တပိုင်းပါ။ မြန်မာ့အရေးကို ကမ္ဘာ့နိုင်ငံအသီးသီးကသိလာအောင် အာရုံစိုက်လာအောင် လူအများကြီးအဖွဲ့အများကြီးက သူတို့သက်ဆိုင်ရာကဏ္ဍကနေ ကြိုးပမ်းနေကြပါတယ်။ ဒီအထဲမှာ အာဆီယံ ASEAN နိုင်ငံတွေကို ချဉ်းကပ်နေတာတွေရှိသလို တရုတ်နဲ့အိန္ဒိယတို့ကိုလဲ သူ့နည်းသူ့ဟန်နဲ့ချဉ်းကပ်နေကြသူတွေလဲရှိပါတယ်။ အားလုံးက ဆက်ကြိုးပမ်းသွားကြဘို့ အရေးကြီးပါတယ်။

BBC: နန်းချမ်တောင်းဟာ သျှမ်းအမျိုးသမီးဖြစ်တယ်။ သျှမ်းပြည်မှာ လူ့အခွင့်အရေးချိုးဖေါက်ခံရတာတွေ အဓိကထားပြီး ကမ္ဘာသိအောင် လုပ်နေတယ်။ အဲဒီတော့ သျှမ်းအရေးဘဲလုပ်တယ်။ မြန်မာတနိုင်ငံလုံးရဲ့အရေးကောမလုပ်ဘူးလားလို့ မေးလာကြရင်ကော ဘယ်လိုဖြေမလဲ?။

CT: ဒါကတော့ ကျမပြောနေလုပ်နေတာတွေကိုကြည့်ရင် ရှင်းပါတယ်။ ကျမလုပ်နေတာတွေဟာ မြန်မာပြည်ထဲက အဖိနှိပ်ခံပြည်သူတွေအားလုံးအတွက်ပါ။ မြန်မာပြည်သူပြည်သားအားလုံးလွတ်မြောက်ဖို့ပါ။ ကျမအလုပ်တွေကိုကြည့်ရင် ဒီမေးခွန်းရဲ့အဖြေက ရှင်းသွားပါလိမ့်မယ်။

BBC: လူ့အခွင့်အရေးတွေကို မီးမောင်းထိုးပြနေတယ်ဆိုတော့ ကိုယ်တိုင်ရော ဒီလိုချိုးဖေါက်နေတာတွေခံစားခဲ့ရဘူးသလား?။

CT: ချိုးဖေါက်မှုဆိုတာတွေက ကျမတို့မွေးလာကတည်းကပါ။ ကိုယ့်ရပ်ကိုယ့်ရွာမှာ မနေနိုင်ဘူး။ ကျောင်းမနေနိုင်ဘူး။ သေနတ်နဲ့ခြောက်ပြီး အမြဲနေရာရွှေ့ခိုင်းလို့ တနေရာရာတည်းမှာ ကြာကြာမနေနိုင်ပါဘူး။ ဒီလိုကျူးလွန်မှုတွေဟာ ဒီနေ့အထိ ရပ်မသွားသေးပါဘူး။ နေ့စဉ်နဲ့အမျှ လူပေါင်းများစွာ ခံစားနေရဆဲပါ။ ဆိုးဝါးလှတဲ့ အမြဲပြုကျင့်မှုတွေဟာ ဒီနေ့အထိရပ်မသွားသေးပါဘူး။ နေ့စဉ်နဲ့အမျှ လူပေါင်းများစွာ ခံစားနေရဆဲပါ။ ကျမခံစားရတယ်ဆိုတာထက် ပိုဆိုးတဲ့ဆင်းရဲဒုက္ခတွေကို လူအများကြီး ခံစားခဲ့ရ၊ ခံစားနေရတာပါ။

BBC: မြန်မာနိုင်ငံရဲ့ အခုလက်ရှိ ပြဿနာအထွေထွေကနေ လွတ်မြောက်ဘို့လမ်းစကော ချမ်တောင်းဘယ်လိုမြင်ထားပါသလဲ?။

CT: နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းနေကြတုံးပါပဲ။ကျမအမြင်တော့ စစ်အစိုးရဟာ စစ်မှန်တဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဘို့ NLD၊ တိုင်းရင်းသားအဖွဲ့တွေနဲ့ သုံးပွင့်ဆိုင်ဆွေးနွေးရပါမယ်။ တချိန်ထဲမှာ တပြည်လုံးမှာလဲစစ်မှန်တဲ့အပစ်အခတ်ရပ်စဲရေးရှိရပါမယ်။ စစ်အစိုးရကို ဆွေးနွေးပွဲစကားဝိုင်းရောက်လာအောင် နိုင်ငံတကာကလဲ ဝိုင်းပြီးဖိအားပေးဆွဲခေါ်ရပါမယ်။ ပြီးတော့ တိုင်းပြည်ပြန်လည်ထူထောင် ရေးအတွက် လူငယ်တွေမှာ အရည်အချင်းတွေ ပြည့်မီလာအောင် လေ့ကျင့်ပြင်ဆင်ထားဖို့ကလဲ အရေးကြီးတယ်လို့ မြင်ပါတယ်။

BBC: နန်းချမ်တောင်း လူ့အခွင့်အရေးလှုပ်ရှားသူအနေနဲ့ ဆုတွေအများကြီးရခဲ့တယ်။ နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုတွေလဲ ရှိခဲ့တယ်။ ကမ္ဘာ့ခေါင်းဆောင်အသီးသီးနဲ့လဲတွေ့ခွင့်ရခဲ့ဖူးတယ်။ ဒီလိုလူသိထင်ရှားဖြစ်လာတာ၊ အသိအမှတ်ပြုခံလာရတာတွေအပေါ်မှာကော ဘယ်လိုခံစားချက်တွေ ရှိပါသလဲ?။

CT: ကျမကတော့ ဒီဆုတွေချီးမြှင့်နေတာ၊ အသိအမှတ်ပြုနေတာတွေဟာ ကျမတယောက်ထဲကိုပေးတာ မဟုတ်ဘဲ၊ ကျမတို့နိုင်ငံကလူတွေ ခံစားနေရတဲ့ဒုက္ခကို အသိအမှတ်ပြုတာ၊ အမြဲပြုကျင့်ခံနေရတဲ့အမျိုးသမီးတွေကို စာနာတာ၊ ဒီလိုဖိနှိပ်ခံနေရတဲ့ကြားထဲက အမှန်တရားကိုဖေါ်ထုတ်ရင်ဆိုင်ဖို့ ကြိုးစားနေတဲ့လူတွေကို ဂုဏ်ပြုတာလို့ဘဲယူဆပါတယ်။ ဒီလိုဆုတွေဂုဏ်ပြုတာတွေဟာ မြန်မာနိုင်ငံက ဒုက္ခခံစားနေရတဲ့လူတွေကိုမမေ့လျော့စေဖို့ နိုင်ငံတကာရဲ့အသိအမှတ်ပြုမှုလို့ဘဲ ယူဆပါတယ်။

BBC (25/4/06)

# ယနေ့သခင်လုပ်ရမဲ့ သမိုင်းပေးတာဝန်


အမျိုးသားညီလာခံ မြင်ကွင်းတစ်ကွက်

ဓာတ်ပုံ။ ။ ဧရာဝတီ

နအဖတို့ရဲ့ အတုအယောင်ညီလာခံမှာ အပစ်ရပ်အဖွဲ့တွေနဲ့ အားဖြည့်ထားပြီး ဒေါ်စုတို့ NLD နဲ့ SNLD တို့ကို ပစ်ပယ်ထားတယ်။ အပစ်ရပ်အဖွဲ့တွေကို အားဖြည့်ထားတာကလည်း အခြေခံဥပဒေရေးဆွဲရာမှာ ပြည်ထောင်စုသဘောဆောင်တယ်လို့ တိုင်းပြည်နဲ့နိုင်ငံတကာကို ပြောင်လိမ်ဖို့ပါပဲ။

အပစ်ရပ် (၁၃)ဖွဲ့က ပြည်ထောင်စုစနစ်အတွက် ၁၃ ချက်တင်ပြပေမဲ့ နအဖက *"ဒီတင်ပြချက်တွေဟာ ညီလာခံနဲ့ဦးတည်ချက်အခြေခံမှုတွေနဲ့ မကိုက်ညီတာကြောင့် မှတ်တမ်းတင်ထားပေးပါမယ်လို့"* ဆိုတယ်။ ဒီတော့ ဒီညီလာခံဟာ ပြည်ထောင်စုအတွက် မဟုတ်ဘူးဆိုတာ အထင်အရှားပါဘဲ။ နိုင်ငံတကာကို လိမ်ပြီး စစ်အာဏာသက်ဆိုးရှည်ရေးအတွက် အပစ်ရပ်အဖွဲ့က ကျားထောက်ကျားကန် အသုံးတော်ခံပေးရတဲ့ သဘောပါဘဲ။

၁၉၄၇ ပင်လုံမှာ ညီလာခံလုပ်တုံး စကားပြောရာမှာ စာချုပ်ချုပ်တော့ တောင်တန်းသားခေါင်းဆောင်တွေဘက်က တန်းတူရည်တူလိုလားချက်အတွက် ကျေနပ်လောက်အောင် လုပ်ဆောင်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတော့ ဦးနုတို့က ဗိုလ်ချုပ်ရဲ့အခြေခံလမ်းညွှန် (၇)ချက်ကို ပယ်ထုတ်ပြီး ဖားတပိုင်းငါးတပိုင်းပြည်ထောင်စနစ်ကို အတည်ပြုခဲ့တယ်။

အဲဒီအခြေခံလမ်းညွှန်ချက် (၇)ချက်အရ ပင်လုံညီလာခံမှာ ညှိနှိုင်းကြတုံးက အခက်အခဲဖြစ်နေတဲ့အချို့အချက်ကြောင့် စာချုပ်မှာ ထည့်လိုက်ရင် အနာဂတ်မှာလူမျိုးတမျိုးနဲ့တမျိုး အထင်မှားစရာဖြစ်မှာစိုးလို့ မထည့်ဖြစ်ခဲ့ဘူး။ အခြေခံဥပဒေမှာမှ ထည့်ပေးဘို့ ရည်ရွယ်တယ်ဆိုပြီး ကတိခံဝန်ချက်နဲ့ GENTLEMEN's AGREEMENT အရ သဘောတူတာကြောင့် ပင်လုံစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့တာပါ။ ဒါကြောင့် ဗိုလ်ချုပ်က ကတိအတိုင်း ပြည်ထောင်စုအုပ်ချုပ်ရေးအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံလမ်းညွှန် (၇)ချက်ကို အတည်ပြုပေးခဲ့တာပါ။ ပင်လုံသဘောတူညီချက်ကို ဦးနုတို့သိပ်အဘောမတူချင်ဘူးလို့ကြားဖူးတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကလက်မှတ်ထိုးကတိပြုပြီးတာကြောင့် ခေါင်းဆောင်ချင်းညီညွတ်မှုမကွဲအောင်ရေငုံနှုတ်ပိတ်ခဲ့တယ်လို့ဆိုတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကျဆုံးတော့ အခွင့်အရေးပေါ်လာတာနဲ့ ဗိုလ်ချုပ်ရဲ့လက်ရေးစာမူတွေကို ဖျောက်ဖျက်ပြီး ပျောက်သွားပြီလို့ပြောတယ်။ အင်္ဂလိပ်လို ရေးထားတဲ့စာမူနဲ့တင်ပြအတည်ပြုခဲ့တယ်လို့ဆိုတယ်။ အဲဒီတုံးက ဥပဒေရေးရာမှာ သခင်ချန်ထွန်း၊ ဦးအေးမောင်၊ ဦးမြင့်သိန်းတို့လည်း သိပါတယ်။ သူတို့နဲ့တိုင်ပင်ပြီး ဦးနုလုပ်ခဲ့တာပါ။ သဘောထားကျဉ်းမြောင်းတဲ့ ဗမာခေါင်းဆောင်အချို့ရဲ့ ညစ်ပတ်မှုကိုသိတဲ့ ဦးတင်ထွဋ်တော့ လုပ်ကြံသတ်ဖြတ်ခံလိုက်တာဘဲ။

ဒါပေမဲ့ ဒီနေ့တိုင်းပြည်မှာ *"အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်တယ်"*လို့အော်ပြီး လက်တွေ့မှာ စစ်တပ်အလိုကျ ပြည်ထောင်စုအတု အခြေခံဥပဒေကိုဘဲ ချမှတ်နေတယ်။ ပင်လုံမှာတောင်တန်းသားခေါင်းဆောင်တွေ တလေးတစားတန်းတူထားဆက်ဆံခံခဲ့ရပေမဲ့ နောက်ပိုင်းကျတော့ပြောင်လိမ်ပြီး ကျွန်လုပ်လိုက်တယ်။

အခုနအဖဗမာတွေအပေါ်စီးရယူနေတဲ့အချိန်မှာ တောင်တန်းသားတွေအပေါ်ပိုပြီး ကျွန်ပြုသွားအုံးမှာဖြစ်တယ်။ နအဖဟာ တောင်တန်းသားတွေကိုလည်းလိမ်တယ်။ ဗမာလူထုကိုလည်းလိမ်တယ်။ UN အပါအဝင် နိုင်ငံတကာကိုလည်းလိမ်တယ်။ ဘယ်တုံးကမှ ကတိသစ္စာမရှိဘူး။

ဒီတော့ အပစ်ရပ်အဖွဲ့တွေက ဘာကိုသွားယုံကြည်ပြီး ညောင်နှစ်ပင်တက်နေရတာလဲ? ဘာလို့ကျားကန်ပေးနေရတာလဲ? ဒီလုပ်ရပ်တွေဟာ သျှမ်းပြည်သူလူထုကို အကျိုးမပြုတဲ့အပြင် စစ်အုပ်စုကို ကူညီပြီး ကိုယ့်လူထုကိုပြန်နှိပ်ကွပ်ဘို့ကူပေးတဲ့သဘောဘဲ။ **နအဖအခက် တော်လှန်ရေးအချက်**ဆိုတာကို လက်လွှတ်လိုက်တာဘဲဖြစ်တယ်။ ရိုင်းရိုင်းပြောရရင် ဗမာစစ်အုပ်စုရဲ့စားကြွင်းစားကျန်ကို တပ်မက်ယစ်မူးတဲ့ အပစ်ရပ်အဖွဲ့အချို့ခေါင်းဆောင်တွေရဲ့ ကိုယ်ကျိုးအတွက်ဘဲဖြစ်တယ်။ ဒုက္ခခံစားရတဲ့ ပြည်သူလူထုကလည်း အပစ်ရပ်အဖွဲ့တွေ ဘာမှအကူညီ မကာကွယ်နိုင်လို့ ထိုင်းနယ်စပ်ဘက်ဒလဟော အစုလိုက်အပြုံလိုက် ပြေးလာနေကြရတာပါ။

၁၉၆၂ ဗိုလ်နေဝင်းအာဏာသိမ်းတာ ခွဲထွက်ရေးကြောင့်လို့ အပြစ်ပြောခဲ့တယ်။ ပြည်ထောင်စုဖြစ်စေတဲ့ ပင်လုံသဘောတူညီချက်မှာ ကတိဝန်ခံချက်ပေးခဲ့ကြတုံးက ၁၉၄၇ အခြေခံဥပဒေထဲခွဲထွက်ခွင့်ရှိလို့ လက်မှတ်ထိုးခဲ့တာဖြစ်တယ်။ အာမခံချက်ပေးတာလည်း ဗိုလ်ချုပ်အောင်ဆန်း၊ ဖျက်ဆီးပစ်တာက ဦးနုနဲ့ဗိုလ်နေဝင်းတို့ပါ။ မဟာဗမာဝါဒီတွေပါဘဲ။


ဦးနေဝင်း

ဓာတ်ပုံ။ ။ အင်တာနက်မှ

ဒီတော့ ဗိုလ်နေဝင်းလို အကြမ်းဘက်သမားကို အလျှော့ပေးခဲ့တယ် ဆိုပါစို့။ (၁၀)ချက်ကနေ (၂)ချက်ဖြုတ်ပြီး (၈)ချက်နဲ့လိုက်လျော အတည်ပြုခဲ့တယ် ဆိုပါစို့။ နောင်တနေ့ ဗမာစစ်ဝါဒီတွေ အသာစီးရလာတာနဲ့ တောင်တန်းသားတွေအပေါ် သွေးခွဲလာတဲ့အခါ နောက်ထပ်အကြမ်းဘက်စစ်ဝါဒီတစ်စု ထပ်ပေါ်လာအောင် တွန်းပို့ပေးတာနဲ့အတူတူပဲ။ ကျန်တဲ့ (၈) ချက်ထဲက ဘယ်အချက်ကို ထပ်ဖြုတ်ပေးရမှာလဲ? "မဟာဗမာစစ်ဝါဒီတွေဟာ သမိုင်းတလျှောက်မှာ ဘယ်တုံးက ကတိတည်ဘူးလို့လဲ။ ၁၉၇၄ မှာ ပြောင်ပြောင်တင်းတင်းဘဲ သျှမ်းပြည်နဲ့ တောင်ပေါ်သားအားလုံးကို ကျွန်ဇာတ်သွင်းလိုက်တာဘဲ။ ဒါကြောင့် ရေရှည်ကိုမျှော်မှန်းပြီး ပင်လုံခေါင်းဆောင်တွေက နောင်မျိုးဆက်သစ်တွေအတွက် အကာအကွယ်လုပ်ပေးထားခဲ့တာကို ဒီနေ့မျိုးဆက်သစ်တွေက မဟာဗမာတွေရဲ့အကြိုက် လိုက်လျောအလျှော့ပေးလိုက်ရင် ကျနော်တို့ဟာ သမိုင်းတရားခံဖြစ်သွားတာပေ့ါ။

ပြည်ထောင်စုကို မဟာဗမာဝါဒီတွေက မရချင်တာကြောင့် အကြိမ်ကြိမ်ပထုတ်ငြင်းဆန်ခဲ့တယ်။ ဒီပြည်ထောင်စုကို မဟာဗမာစစ်ဝါဒီတွေဘဲ လုပ်တတ်သလား?၊ မဟာဗမာတွေဘဲ အရည်အချင်းရှိသလား?၊ မဟာဗမာပေးမှရသလား?၊ သူတို့မပါဘဲ ဒီပြည်ထောင်စုကို လုပ်လို့မရတော့ဘူးလား?

၁၉၅၈ စဝ်နွံ့ခေါင်းဆောင်တဲ့ နှမ်စစ်ဟန်အစ ဒီနေ့အထိ အမျိုးသားညီညွတ်ရေး စည်းရုံးရေးအော်လာကြတာ လက်တွေ့မှာနှစ်ပေါင်း (၅၀)ကျော်လူထုဒုက္ခရောက်နေကြပြီ။ တချို့က သဒ်ဏ်းစာမယူတတ်သေးဘဲ အချင်းချင်းကန်ထုတ်နေကြတယ်။ ဆန့်ကျင်နေကြတယ်။ တခြားမဟာဗမာအဖွဲ့တွေနဲ့တော့ မဟာမိတ်လုပ်ချင်ကြတယ်။ ဗိုလ်ဆရာသခင်အဖြစ်တင်မြှောက်ပြီးအကူအညီတောင်ပေးလိုက်ကြသေးတယ်။


နှမ်စစ်ဟန်တပ်ဖွဲ့တစ်ဖွဲ့

ဓာတ်ပုံ။ ။ Vichit

ဒို့အမျိုးသားအချင်းချင်းညီညွတ်ရေးအတွက်မှာ တောင်ပေါ်သားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက ယောကျ်ား၊ မိန်းမ၊ လူကြီး၊ ကလေး၊ အဘိုးအို အဖွားအို၊ လူဝ လူပိန်၊ လူရှည် လူပု၊ အသားမဲ အသားဖြူ၊ ဘုန်းကြီး မယ်သီလ၊ သူဌေး သူဆင်းရဲ၊ ကုန်သည်၊ ပညာတတ်အားလုံးကြားမှာ ညီညွတ်ရေးအတွက် မကူညီသင့်ကြဘူးလား?၊ အနည်းဆုံးဆန့်ကျင်ဘက်ဘုံရန်သူကို ဦးတည်တိုက်ခိုက်တဲ့အနေနဲ့ စုစည်းနိုင်ရမယ်။ ဒါဟာတော်လှန်ရေးသမိုင်းကပေးတဲ့ သဒ်ဏ်းစာဘဲ။

အချင်းချင်းအပေါ်လောဘ ဒေါသ မောဟစိတ်ထားတွေ မေ့ဖျောက်ထားပြီး မေတ္တာ ဂရုဏာ မုဒိတာစိတ်ထားတွေရှိသင့်တယ်။ ဆက်ဆံရေးလုပ်လို့မရသေးရင်တောင် ဥပက္ခာတရားထားနိုင်ရင် ရပါတယ်။ မချစ်မမုန်းပေ့ါ။

ဒုက္ခရောက်နေတဲ့ ပြည်သူလူထုကို ငဲ့ညာထောက်ထားပြီး ကိုယ့်အမျိုးသားအချင်းချင်း မျက်နှာချင်းဆိုင်နိုင်ရေးကို ရှေးရှုသင့်တယ်။ ကြိုးစားသင့်တယ်။ ဒါဟာ ပြည်သူ့အကျိုးပြုဖို့ဘဲ ဖြစ်တယ်။

ရန်သူမဟာဗမာနအဖစစ်ဝါဒီကိုတော့ အောက်ကြို့ဆွေးနွေးရေးလုပ်ဘို့ တံခါးဖွင့်ထားတယ်။ မျက်နှာချိုသွေးလက်ဖြန့်တောင်းဆိုနေကြတယ်။ ကိုယ့်အချင်းချင်းကျတော့ ကျွန်ကြီးကျွန်ငယ်၊ အဆင့်အတန်းရှိတဲ့ကျွန်၊ ဂုဏ်ရှိတဲ့ကျွန်၊ အထက်တန်းကျွန်၊ အောက်တန်းကျွန်ခွဲခြားနေရင်တော့ သျှမ်းပြည်အမျိုးသားတွေရဲ့ စကားစာပေ ယဥ်ကျေးမှုဓလေ့ထုံးစံ ပပျောက်ရေးအတွက် လုပ်ဆောင်နေကြတာဘဲ ဖြစ်မယ်။ နောင်တက်လာမဲ့ မျိုးဆက်သစ်တွေအားလုံးနဲ့ မဟာဝါဒီနောက်လိုက် အလိုတော်ရိတွေဖြစ်ဘို့ မီးလောင်ရာလေပင့် လုပ်တာဘဲဖြစ်သွားမယ်။

စဝ်နွံ့


နှမ်စစ်ဟန်တပ်ဖွဲ့ခေါင်းဆောင်

ဓာတ်ပုံ။ ။ S.H.A.N.

အဲဒီအခြေအနေအဆင့်ရောက်မသွားအောင်၊ မဖြစ်ရလေအောင် ဝိုင်းဝန်းလုံးပမ်းသွားဖို့က မသေခင်လုပ်ဆောင်ရမဲ့ သမိုင်းပေးတာဝန်ဘဲ။

**ကျားချာတိတ်**
**၁၂၊၂၀၆**



INDP 224 BUR.PMD 39 24/05/2006, 12:18 PM

# ၸုၵ်းထူပ်းဝၼ်းလုၵ်ႉၾိုၼ်ႉၸွပ်ႇၸူပ်, 48 ပီ



Photo: Chiangmai News

ဝၼ်းထိ **21/5/06** တပ်ႉသိုၵ်းၵိုင်ႈတႆး ဢၼ်ၵဝ်ႈယွတ်ႈသိုၵ်းဢွၼ်ႁူဝ် လႆႈၵတ်းၶႅၼ်း ပၢင်ပွႆးၸွပ်ႇၸူပ်,ဝၼ်းလုၵ်ႉၾိုၼ်ႉ **48** ပီတဵမ် တီႈ ငဝ်ႈငုၼ်းလွႆတႆးလိူင်း။ ၼႂ်းပၢင်ပွႆးၼႆႉ ပွတ်းၼႂ်လႆႈ လူ,တၢၼ်းယၢတ်,ၼမ့်ၶၼႄ,ၵုသူဝ်,တၢင်းလီပၼ် ၾူႈမတ်းၶၢၼ် ၵိုဝ်းလႆႈလူ,ၼိုဝ့်လိုတ်ႈသႆၢၵွႆႇႁၢ, တၢ,ၵိုဝ့်ၵၢတ်ႈဝၢၼ်ႈမိူင်း ၽွင်းတိုၵ်းဢၢဝ်မိူင်း တႆးႁွၼ်းၶေႃမၢႆး ၶၢဝ်းတၢင်း **48** ပီ။ ဝႆႉၼၼ်ႉ မီးပၢင်ၶၼၽၢင်ႁၢင်ႈသိုၵ်းၶလႆႈ ဝၢင်းတူင်,မွၵ်, မွင်ၵွႆ တၵ်ႉယမ်ယုၵ်ႉယွင်ႈမုၼ်ဝိလိၼ်, ၸုၼ်ငဝ်း ၾူႈမတ်းၶၢၼ် ၵိုဝ်းလႆႈသိင်ႈမုၼ်ၽွင်းတိုၵ်းဢၢဝ် ဝၢၼ်ႈမိူင်း။ ထိုင်ၵၢင်ၸိုၼ်းမႃး မီးပၢင်မူၼ်ႈသိုဝ်း ႁွင့်ႁၢမ်းပၢၼ်မွႆ,ယုၵ်ႉယွင်ႈဝၼ်းလုၵ်ႉၾိုၼ်ႉ။

ၵဝ်ႈယွတ်ႈသိုၵ်း လႆႈတွၼ်ႈၸွင်ၾၢၵ်,ပၼ် သိုၵ်းၶၢၼ်ၵိူဝ်းမၢတ်,ၵဵပ်းၶလႆႈ ပဵၼ်တုၵ်ႉၶိတ ယွၼ်ႉပၢင်တိုၵ်းဢိၵ်, သိုၵ်းၶၢၼ်ၵိူဝ်းၶၢပ်,ၵိုတ်ႉ ပုၼ်ႈၽွၼ်းၸိုၵ်ႉၶမ်ႉတဵမ်ထူၼ်ႈ။ ပၢင်ပွႆးၼႆႉ မီးၾူႈ ၸိုၼ်ႈၶွတ်ႈ ၵဵမ်သင်,ၶျ,၊ ႁူၼ်းမိူင်း၊ လုၵ်ႈၶႅၼ်း ဢိၵ်,လုမ်းသိုဝ်,ၶၢဝ်,လႆၢလႆၢလုမ်း ၼပ်ႉႁူဝ်ၶိုင်။ လိုဝ်သေၼၼ်ႉတူဝ်တႅၼ်းတပ်ႉသိုၵ်းဝ။ WNA (Wa National Army) ဢၼ်တိုၵ်ႉတေႃ,သူႈ တင်းသိုၵ်းမၢၼ်ႈယူ,ၵေႃႈမႃးၶဝ်ႈႁူမ်ႈပၢင်ပွႆး ပဵၼ်ပွၵ်ႈဢွၼ်တၢင်းသုတ်း။

မိူဝ်ႈ **19/5/06** လဝ်ႈယွတ်ႈသိုၵ်း လႆႈသူင်, ၾိုၼ်လိၵ်ႈၽိတ်ႈမွၵ်,ထိုင် ႁူၼ်းလၢဝ်းၸိုဝ်းတႆး ၵိုဝ်းပဵၼ်လုမ်းတႆးလႆၢလႆၢလုမ်း။ မၼ်းလဝ်ႈ ပၢၵ်ႈလွင်ႈၶၼတၢင်းဝႃႈ မီးလွင်ႈၽွမ့်သိင်ပိင်း ပၢၵ်,ပဵၼ်ၼမ့်ၼိုင်ႈ ၵွႆလိဝ်ၵၼ်ႁူလ်းဢၼ်လၢင်ႈ ၶိတ်းႁႂ်ႈယိုင်းမႆၢဢဝ်မိူင်းတႆးမဝ်းထိုင်တီႈ ယဝ့် တူဝ်ႈပဵၼ်ၵၢၼ်။ ႁွပ်ႈၼႆတႆးမဝ်း ႁူႈမူ,ႁူႈလုမ်း ႁႂ်ႈၸုၵ်းထူပ်းဝၼ်းလုၵ်ႉၾိုၼ်ႉၶလႆႈ တၵ်ႉယမ်ၾူႈ မတ်းၶၢၼ်တင်းလႆၢ ၵိုဝ်းလႆႈလူ,ၼိုဝ့်လိုတ်ႈႁၢ, ၼႂ်းပၢင်သိုၵ်းၽွင်းတိုၵ်းဢၢဝ်မိူင်းတႆးၶလႆႈ ႁႂ်ႈ ႁူႈလၢဝ်းၸိုဝ်း ၼႂ်းမိူင်းတႆးႁႂ်ႈမီးၵွႆမၵ်ႉၵၼ်/ ၽွမ့်ၵၼ်/ၵွႆႈထိမ် ၵၼ်ၼႆယဝ့်။ ❑




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org